# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက် | ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၇၉)၊ အမှတ် (၀၆၆)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြား



နေပြည်တော် ဒီဇင်ဘာ ၄

၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ၏ တတိယအကြိမ် ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးခင်မောင်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် ဇင်မင်းထက်၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်မှူးချုပ်ထွန်းထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေး ဦးတည်ချက် (၅)ရပ်နှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန်အတွက် "၂၀၂၀ ပြည့်နှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ"ကို ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီ (၁၀)ခုကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

ဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်တွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❁

ဒုတိယသမ္မတ ဦးမြင့်ဆွေ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်






မြန်မာ့အလင်း

# ဝေဖန်ရေး၏တူရူ

မြန်မာနိုင်ငံ၌ အရပ်သားအစိုးရဖော်ဆောင်ရေး၊ ဒီမိုကရေစီစနစ်ခိုင်မာတောင့်တင်းအခြေကျရေးတို့အတွက် ကြိုးပမ်းအားထုတ်နေကြစဉ်မှာပင် ဝေဖန်ရေး၏ အခန်းကဏ္ဍ ကျယ်ပြန့်လာလေ၏။ နိုင်ငံ့ကဏ္ဍအသီးသီး၊ နယ်ပယ်အရပ်ရပ်တို့တွင် ထွက်ပေါ်လာသမျှသော အကြောင်းအရာများ၊ အငြင်းပွားစရာများ၊ ဆွေးနွေးကွဲလွဲစရာများ စသည့်ခေါင်းစဉ်များကို အကြောင်းပြု၍ အများပြည်သူဘက်က ရှုမြင်သုံးသပ်မှု၊ ဝေဖန်မှုအစရှိသောအသံများကို ကျယ်ကျယ်လောင်လောင် ကြားလာရသည်။

ဝေဖန်ခြင်းဆိုသည်၏ နောက်ကွယ်တွင် ထိုထိုဤဤသော နိုင်ငံနှင့်ဆိုင်သည့် အကြောင်းခြင်းရာများကို လူထုက စိတ်ဝင်စားမှုရှိသည်ဆိုသည့်အဓိပ္ပာယ်ရှိ၏။ ထို့ပြင် ဝေဖန်နိုင်သည့် အခွင့်အရေးတစ်စုံတစ်ရာကို ရရှိထား၏ဆိုသော အဓိပ္ပာယ်လည်း ပါဝင်နေသည်။ ယင်းတို့က နိုင်ငံအတွက် အပေါင်းလက္ခဏာဟု မြင်ပါသည်။

ထို့ထက်ပို၍ဆိုရပါမူ စနစ်ကျန မှန်ကန်သောဝေဖန်ရေးက အပြုသဘော ပိုမိုတိုးတက်ရေးဆီသို့ ရှေးရှုသည်။ နိုင်ငံရေးမှာဖြစ်စေ၊ စီးပွားရေးမှာဖြစ်စေ၊ စာပေအနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ဖြစ်စေ၊ အများပြည်သူ၏ ဝေဖန်ရေးစကား၊ ဝေဖန်ရေးစာတို့ကို ပိုမိုကြားရ၊ တွေ့မြင်ရခြင်းဖြင့် ထိုကဏ္ဍများတွင် တိုးတက်ဖွံ့ဖြိုးရန်လမ်းကြောင်း ပိုမိုကျယ်ပြောလာမည်သာ။ တစ်နည်းအားဖြင့်ဆိုလျှင် ဝေဖန်ရေးသည် ကြိုဆိုအားပေးရမည့် ကိစ္စဖြစ်လေသည်။

သည့်ပြင် ဝေဖန်ရေးက ဒီမိုကရေစီအခွင့်အရေးနှင့် တွဲလျက်ရှိသည်။ ဒီမိုကရေစီမရှိလျှင် ဝေဖန်ရေးမရှိနိုင်။ ဝေဖန်ရန် အခွင့်အရေးမရှိနိုင်။ ဒီမိုကရေစီ၏ အခြေခံအနှစ်သာရတွင် မတူညီသည့် သဘောထားတို့ကို ဆွေးနွေးပြောဆိုနိုင်ခြင်းက အရေးပါသည့် လုပ်ငန်းဖြစ်သည်။ ပွင့်လင်းလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုဆိုသည့်အခွင့်အရေးက ဝေဖန်ရေးနှင့် ဆက်စပ်နေ၏။

ဒီမိုကရေစီ အတော်အသင့် ပွင့်လင်းလာမှုနှင့်အတူ ဝေဖန်ရေးဟူသည် ပြည်သူလူထု၏ လက်ထဲရောက်လာလေသည်။ ပြည်သူလူထု ၏ အသံတို့ကလည်း ပြေပြေလျှလျှရော၊ ပြင်းပြင်းရှရှရော၊ ချိုချိုမြမြရော၊ ခါးခါးသက်သက်ရော အမျိုးစုံသည်ကိုလည်း သတိပြုမိပါ၏။

အချို့သော ပြင်းရှခါးသက်သော ဝေဖန်မှုများက ရန့်ရင်းကြမ်းတမ်းသည်ထိ ရောက်လာသည်တို့လည်းရှိ၏။ သည်လိုထဲမှာ ဒီမိုကရေစီ၏ အနှစ်သာရကို ထိခိုက်လာစေသည့် ဝေဖန်မှုများကမူ အကျည်းတန်လှသည်။ မဟုတ်မမှန်မှုများ၊ လုပ်ကြံမှုများ၊ လီဆယ်မှုများ၊ တစ်စိတ်ကို တစ်အိတ်လုပ်မှုများ၊ ပုံကြီးချဲ့မှုများ၊ အမှန်ကို အမှားရောကာ တစ်စုံတစ်ဦးကို ထိခိုက်နစ်နာစေလိုသည့် စေတနာဖြင့် ပုံဖော်လာသော ဝေဖန်ရေးများပဲ ဖြစ်ပါသည်။

အမှားအမှန်ကို ခွဲခွဲခြားခြားမသိဘဲ ဝေဖန်မှုများနှင့်အတူ အကြောင်းအချက် မခိုင်လုံသောဝေဖန်မှုများက ပြည်သူလူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှု မျက်နှာဖုံးဖြင့် ကွယ်ဝှက်လာကြသည်များကလည်း မနည်းလှ။

အထူးသဖြင့်မူ ဆိုရှယ်မီဒီယာ၏ နည်းပညာတိုးတက်မှုက ထိုဝေဖန်ရေးအရှိန်အဟုန်ကို ပိုမိုမြန်ဆန်ကြီးထွားလာစေလေသည်။ ပြည်သူလူထုသာမက ပြည်ပနိုင်ငံများကပါ သတင်းမှားများ မစုံလင်မပြည့်ဝသော အချက်အလက်များကို အခြေပြုကာ ဝေဖန်လာမှုများကိုလည်း တွေ့လာရသည်။

ခိုင်လုံသော အထောက်အထားမရှိဘဲ ဝေဖန်ရေးလက်နက်ကို အင်အားကြီးမားအောင် ချဲ့ထွင်အသုံးပြုခြင်းက ကောင်းကျိုးတစ်စုံတစ်ရာ ဖြစ်လာရန်မရှိ။

ပြည်သူ့ဝေဖန်ရေးက နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက် အပံ့ကောင်းများ ဖြစ်လာစေမည်ဖြစ်သော်လည်း အချက်အလက် အထောက်အထားမှန်ကန်သည့် ဝေဖန်ရေး၊ စေတနာ မှန်ကန်ရိုးသားသည့် ထုတ်ဖော်ပြောဆိုမှုဖြစ်ရန်တော့ လိုမည်ဟု ယုံကြည်ပါသည်။

လွတ်လပ်စွာထုတ်ဖော်မှုဆိုရာတွင် တည်ကြည်သော သီလ၊ ခိုင်မြဲသော သမာဓိနှင့် အမှားအမှန်ကို ခွဲခြားသိမြင်သည့် ပညာတို့က အဓိကကျသော လိုအပ်ချက်များအဖြစ် ရှိနေမည်ဟု ယုံကြည်မိပါကြောင်း။ ။

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ်(၁)အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် ဒီဇင်ဘာ ၄**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ်(၁) အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(**ယာပုံ**)

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ နယ်ပယ်(၁) အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်အဖြစ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ မူဝါဒများ၊ ညွှန်ကြားချက်များနှင့် ဥပဒေမူဘောင်များကို မြန်မာနိုင်ငံ၌ ဖြစ်ပေါ်လျက်ရှိသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့် ကိုက်ညီပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ ပိုမိုတိုးတက်ခိုင်မာစေရန် ဌာနအဖွဲ့အစည်းအလိုက် ဆောင်ရွက်မှုများကို ကြီးကြပ်ရန်ဖြစ်ကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်း၍ ၂၀၁၅ ခုနှစ်က စတင်ပြီး IMF ၏ နည်းပညာအကူအညီရယူကာ National Risk Assessment (NRA) ကို ဆောင်ရွက်ခဲ့ပြီး အဆိုပါ NRA ၏ တွေ့ရှိချက်နှင့် အပြန်အလှန် အကဲဖြတ်ရေးအစီရင်ခံစာပါ မြန်မာနိုင်ငံ၏ အားနည်းချက်၊ အကြံပြုချက်များကို နယ်ပယ် ၅ ရပ် ချမှတ်၍ မဟာဗျူဟာရေးဆွဲခဲ့ပါကြောင်း၊ နယ်ပယ်အလိုက်ဆောင်ရွက်ပြီးသည့်အချက်များ၊ ဆောင်ရွက်ရန်လိုအပ်သည့်အချက်များကို သက်ဆိုင်ရာဌာနအနေဖြင့် စိစစ်ပြီး လိုအပ်သည့်အချက်များကို ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း၊ ကော်မတီအနေဖြင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းအလိုက် ဆောင်ရွက်မှုများကို တင်ပြပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ တက်ရောက်လာသူများအနေဖြင့်လည်း မိမိတို့ကဏ္ဍအလိုက် ဆွေးနွေးအကြံပြုစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီ၏ အတွင်းရေးမှူးက မဟာဗျူဟာနယ်ပယ် (၁) ပါ ဆောင်ရွက်ရမည့်ကိစ္စနှင့် ဦးစားပေးနယ်ပယ်အလိုက် ဆောင်ရွက်ရန်အချက်များကို ဆွေးနွေးပြီး တက်ရောက်လာသည့် အဖွဲ့ဝင်များက မဟာဗျူဟာနယ်ပယ်(၁) ပါ သက်ဆိုင်သည့်ကိစ္စရပ်များအလိုက် ဆောင်ရွက်ပြီးသည့်အချက်နှင့် ဆောင်ရွက်ရန်ရှိသည့်အချက်များကို ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ် (၁) အကောင်အထည်ဖော်မှုကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မြန်မာ - တရုတ် နှစ်နိုင်ငံပူးပေါင်း၍ မွေးရာပါကလေးနှလုံးရောဂါဝေဒနာရှင် ၁၁ ဦးအား အခမဲ့ခွဲစိတ်ကုသပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်မြို့ ရန်ကင်းကလေးဆေးရုံကြီးနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ ဖူးဝေနှလုံးခွဲစိတ်ဆေးရုံတို့ ပူးပေါင်း၍ မြန်မာနိုင်ငံမှ မွေးရာပါကလေးနှလုံးရောဂါဝေဒနာရှင် ၁၁ ဦးအား အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း ရန်ကင်းကလေးဆေးရုံမှ သိရသည်။

ခွဲစိတ်ကုသပေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မွေးရာပါကလေးနှလုံးရောဂါ ဝေဒနာရှင်များ ခံစားနေရသောဝေဒနာများ သက်သာပျောက်ကင်းသွားစေရန်နှင့် ခွဲစိတ်ရန်စောင့်ဆိုင်းနေရသော ဝေဒနာရှင်အရေအတွက် လျော့ကျသွားစေရန် ကူညီပူးပေါင်းဆောင်ရွက်ပေးလိုသည့် စိတ်ထားများနှင့် အခမဲ့ခေါ်ယူခွဲစိတ်ကုသပေးခြင်းဖြစ်ကြောင်း ခုတင် ၅၅၀ ဆံ့ ရန်ကင်းကလေးဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်ခိုင်က ပြောသည်။

ယင်းသို့ ခွဲစိတ်ကုသပေးမှုသည် ယခုအကြိမ်နှင့်ဆိုလျှင် သုံးကြိမ်မြောက်ရှိပြီဖြစ်ပြီး ၂၀၁၇ ခုနှစ် ဧပြီလတွင် ကလေး ၁၂ ဦးကို တရုတ်နိုင်ငံ ပေကျင်းမြို့ အင်ဂျန်းနှလုံးခွဲစိတ်ဆေးရုံ၌ အခမဲ့ခွဲစိတ်ပေးမှုကို ပထမအကြိမ်အဖြစ် အားလုံးအောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ထို့အတူ ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ကလေး ၁၄ဦးကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ ဖူးဝေနှလုံးခွဲစိတ်ဆေးရုံ၌ အခမဲ့ခွဲစိတ်ကုသပေးမှုကို အားလုံး အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ယခုတတိယအကြိမ်တွင်လည်း တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ ဖူးဝေနှလုံးခွဲစိတ်ဆေးရုံ၌ နှစ်နိုင်ငံ နှလုံးခွဲစိတ်ကုသမှုများ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ကျွန်မတို့အနေနဲ့ ကိုယ့်ဘာသာသွားရောက်ကုသမယ်ဆိုရင် ကုန်ကျစရိတ်များပြီး မလွယ်ကူနိုင်ပါဘူး။ အခုလို ဆရာ ဆရာမတွေက စေတနာထားပြီး ဆောင်ရွက်ပေးလို့ သွားရောက်ကုသနိုင်တာပါ။ အဲဒီအတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ တာဝန်ရှိတဲ့သူတွေ အားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်မသမီးလေးလို နှလုံးရောဂါခံစားနေရတဲ့ ကလေးတွေအားလုံးလည်း အမြန်ဆုံးသက်သာပျောက်ကင်းကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပုသိမ်မြို့မှ ၁၂ နှစ်အရွယ် မွေးရာပါကလေးနှလုံးရောဂါဝေဒနာရှင်၏ မိခင်ဖြစ်သူ ဒေါ်သန်းသန်းအေးက ပြောသည်။




တတိယအကြိမ် အခမဲ့ခွဲစိတ်ကုသမှုအတွက် ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ခိုင်၊ ခတ်မှန်အထူးကုဆရာဝန်ကြီး ဒေါက်တာသန်းဦး၊ ကလေးနှလုံးအထူးကုဆရာဝန် ဒေါက်တာ နှင်းလဲ့ဖြူ၊ သူနာပြုအုပ် ဒေါ်လဲ့လဲ့ဝင်းနှင့် အုပ်ချုပ်ရေးအရာရှိ ဒေါ်မြသိန်းတို့ ပါဝင်ကာ ခွဲစိတ်ကုသရန် ရွေးချယ်ထားသည့် မွေးရာပါကလေးနှလုံးရောဂါဝေဒနာရှင် ၁၁ ဦးအနက်မှ ပထမအသုတ် ရှစ်ဦးနှင့်အတူ မိသားစုဝင်များ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်လေဆိပ်မှ China Eastern Airline ဖြင့် တရုတ်နိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။ (**ဝဲပုံ**)

**အောင်ငွေး**

## မြဝတီမြို့၌ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲမည်

**မြဝတီ ဒီဇင်ဘာ ၄** - ကရင်ပြည်နယ် မြဝတီမြို့ သောင်ရင်းခန်းမတွင် (၇၅)ကြိမ်မြောက် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် (၁၆)ကြိမ်မြောက် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ နှစ်ရက်တိုင် ကျင်းပမည်ဖြစ်သည်။

စာပေဟောပြောပွဲ၌ ဒီဇင်ဘာ ၁၅ ရက် ည ၇ နာရီတွင် ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)နှင့် ဆရာမ ခင်သန္တာတို့က ရသ၊ သုတစာပေများ ဟောပြောမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၆ ရက် ည ၇ နာရီတွင် အမျိုးသားစာပေဆု ခုနစ်ကြိမ်ရရှိထားသည့် ဆရာမြင်းမူမောင်နိုင်မိုးနှင့် မြဝတီမြို့ဒေသခံ ကဗျာဆရာ(သက်ဦးနိုင်-မြဝတီ)တို့က ရသနှင့် သုတရစေမည့် စာပေ၊ ကဗျာများအား ရွတ်ဆိုသွားမည်ဖြစ်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

❀ *ရှေ့ဖုံးမှ*

ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၂၁)ချက် ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်တွင် ပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၁၉)ချက် ချမှတ်ခဲ့ကာ အစည်းအဝေးဆုံးဖြတ်ချက် စုစုပေါင်း (၄၀)ချက်ကို သက်ဆိုင်ရာဆပ်ကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယခင်နှစ် အတွေ့အကြုံများအပေါ် အခြေခံပြီး အချင်းချင်းပေါင်းစပ်ညှိနှိုင်းကာ လစ်ဟာမှုမရှိအောင် အကောင်းဆုံးလုပ်ဆောင်သွားရန် ပြောကြားလိုပါကြောင်း။

### အခမ်းအနားကျင်းပရန် ရက်နီးကပ်လာ

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် "လွတ်လပ်ရေးနေ့ အခမ်းအနားများ"ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားကြရန်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပမည့် " နိုင်ငံတော်အဆင့် လွတ်လပ်ရေးနေ့အခမ်းအနား" ကို အပိုင်း (၂)ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နံနက်ပိုင်းတွင် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ပြုလုပ်သွားမည်ဖြစ်ကာ ညနေပိုင်းတွင် နိုင်ငံတော်အဆင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အခမ်းအနားကျင်းပရန် ရက်နီးကပ်လာသည်နှင့်အမျှ ဆပ်ကော်မတီအလိုက် တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများသည်လည်း ရာနှုန်းပြည့်နီးပါး ပြီးစီးနေမည်ဟု ယုံကြည်ပါကြောင်း။

အခမ်းအနားကို နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံခြားသံတမန်များ၊ ပြည်တွင်း/ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည့်အတွက် အဘက်ဘက်က လစ်ဟာမှုများမရှိအောင် ဆပ်ကော်မတီအားလုံးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အခမ်းအနားသို့ တက်ရောက်လာမည့်ပုဂ္ဂိုလ်များ ဝင်/ထွက်မှု အဆင်ပြေစေရေး၊ ကြိုဆိုနေရာချထားရာတွင်လည်း စနစ်တကျစီမံဆောင်ရွက်ရေး၊ ကျွေးမွေးဧည့်ခံမှုအပိုင်းနှင့် ဖျော်ဖြေရေးအပိုင်းတို့တွင်လည်း အဆင်ပြေပြီး စနစ်တကျရှိစေရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီအလိုက် ပူးပေါင်းညှိနှိုင်း၍ ဇာတ်တိုက်လေ့ကျင့်မှုများ ကြိုတင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

### ရာသီဥတုအခြေအနေမှာ ခန့်မှန်းမရနိုင်

ထို့ပြင် မီးရှူးမီးပန်းများ ပစ်ဖောက်ရာ၌ အန္တရာယ်ကင်းအောင် စနစ်တကျစီမံရေး၊ လွတ်လပ်ရေးနေ့ သဝဏ်လွှာနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပို့စကတ်များကို အချိန်မီပြီးစီးဖြန့်ဝေနိုင်ရေး၊ ဆပ်ကော်မတီများအလိုက် အသုံးစရိတ်များကို သေချာစွာ စိစစ်တွက်ချက်တင်ပြသုံးစွဲသွားရေးနှင့် ရာသီဥတုအခြေအနေမှာ ခန့်မှန်းမရနိုင်သဖြင့် အခမ်းအနားအားလုံးအတွက် A Plan အပြင် B Plan ကိုပါ ထည့်သွင်းပြင်ဆင်ထားရန် လိုအပ်ပါကြောင်း။

လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဆက်စပ်ကျင်းပမည့် စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများကိုလည်း အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်ဝစွာဖြင့် ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးက မိမိတို့တာဝန်ယူထားသည့် လုပ်ငန်းကဏ္ဍများအလိုက် ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် ယခင်ကျင်းပခဲ့သော ဗဟိုကော်မတီ၏ ပထမအကြိမ်နှင့် ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးများမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်ဆဲလုပ်ငန်း အခြေအနေများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်လင်းစွာ တင်ပြဆွေးနွေးပေးရန် ပြောကြားသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် "လွတ်လပ်ရေးနေ့အခမ်းအနားများ"ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားကြရန်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်ကျင်းပမည့် "နိုင်ငံတော်အဆင့် လွတ်လပ်ရေးနေ့အခမ်းအနား"ကို အပိုင်း (၂)ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နံနက်ပိုင်းတွင် နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ပြုလုပ်သွားမည်ဖြစ်ကာ ညနေပိုင်းတွင် နိုင်ငံတော်အဆင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အခမ်းအနား ကျင်းပရန် ရက်နီးကပ်လာသည်နှင့်အမျှ ဆပ်ကော်မတီအလိုက် တာဝန်ယူဆောင်ရွက်ရသည့်လုပ်ငန်းများသည်လည်း ရာနှုန်းပြည့်နီးပါး ပြီးစီးနေမည်ဟု ယုံကြည်**

### ဆောင်ရွက်ထားရှိမှုအခြေအနေများ

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်းက လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်း

ယင်းနောက် "နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ စစ်ရေးပြဆပ်ကော်မတီ"ဆိုင်ရာ ကိစ္စရပ်များကို နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က လည်းကောင်း၊ "နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ"ဆိုင်ရာ ကိစ္စရပ်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့က လည်းကောင်း၊ " လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ" ဆိုင်ရာ ကိစ္စရပ်များကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းနှင့် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်တို့က လည်းကောင်း၊ "မီးရှူးမီးပန်းများ ပစ်ဖောက်ရေး ဆပ်ကော်မတီ"ဆိုင်ရာ ကိစ္စရပ်များကို စစ်လက်နက်



ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်



နေပြည်တော်ကောင်စီဥက္ကဋ္ဌ
ဒေါက်တာမျိုးအောင်

ပစ္စည်း ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်မှူးချုပ် ထွန်းထွန်းနိုင်ကလည်းကောင်း၊ "လုံခြုံရေးဆပ်ကော်မတီ"ဆိုင်ရာ ကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး ကလည်းကောင်း၊ "ပြန်ကြားရေးဆပ်ကော်မတီ"ဆိုင်ရာ ကိစ္စရပ်များကို ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံတို့က လည်းကောင်း၊ "နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပြုစုရေးဆပ်ကော်မတီ" ဆိုင်ရာ ကိစ္စရပ်များကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းကလည်းကောင်း၊ "ကျန်းမာရေးဆပ်ကော်မတီ" ဆိုင်ရာ ကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းကလည်းကောင်း၊ "အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း၊ "စာရင်းစစ်ဆေးရေးဆပ်ကော်မတီ" ဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦး ကလည်းကောင်း သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆပ်ကော်မတီများအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

၃၁-၁၀-၂၀၀၃ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် ၅၈/၄ ဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသော ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းက ဒီဇင်ဘာ ၉ ရက်ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် အဆိုပါ ကွန်ဗင်းရှင်းကို တရားဝင်အတည်ပြုခဲ့၍ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာသည်။ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို အခြားကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင် အထိမ်းအမှတ်အခမ်းအနား ကျင်းပသည်။ အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများနှင့် တေးသရုပ်ဖော်ပြိုင်ပွဲများကိုလည်း ကျင်းပပြီး အထိမ်းအမှတ်နေ့တွင် ဆုပေးခြင်း၊ ကပြဖျော်ဖြေခြင်းများ ပြုလုပ်သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လှုပ်ရှားမှုများကိုလည်း ကြည့်ရှုလေ့လာနိုင်ရန် ပြခန်းအစီအစဉ်ကိုပါ ထည့်သွင်းဆောင်ရွက်သည်။

၂၀၁၉ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များအားလုံးတွင် ကျင်းပသွားမည်ဖြစ်ပြီး နေပြည်တော်၌ ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် နောင်ချိုမြို့၌ ကျင်းပသည့် ဓနုအမျိုးသားနေ့ အခမ်းအနားတက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၄

ဒုတိယအကြိမ်မြောက် ဓနုအမျိုးသားနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် နောင်ချိုမြို့ရှိ မြို့မအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်နှင့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဓနုတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဓနုတိုင်းရင်းသား/ တိုင်းရင်းသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။





ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် ဒုတိယအကြိမ်မြောက် ဓနုအမျိုးသားနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### ဂုဏ်ပြုဖျော်ဖြေ

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ဓနုအမျိုးသားအလံတော်ကို အလေးပြုကြပြီး ဓနုတိုင်းရင်းသား/တိုင်းရင်းသူများက ကြိုဆိုပါတယ် ဓနုမြေ တေးသီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

### သဝဏ်လွှာများဖတ်ကြား

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့၏ သဝဏ်လွှာများကို ဓနုအမျိုးသားနေ့ ကျင်းပရေးကော်မတီဝင်များက ဖတ်ကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်က ဓနုအမျိုးသားညီလာခံကြီးက နတ်တော်လဆန်း ၈ ရက်နေ့ကို ဓနုအမျိုးသားနေ့ဟူ၍ ဆုံးဖြတ်ခဲ့ခြင်းသည် အနှစ်သာရနှင့် ပြည့်ဝသော လက်တွေ့ကျသည့် မျှော်မှန်းချက်နှင့် ပြည့်စုံသော ဆုံးဖြတ်ချက် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားနေ့ဟူ၍ သတ်မှတ်ကြသည့် ရည်ရွယ်ချက်များမှာ မိမိတို့၏ ဇာတိပုညဂုဏ်မာနတို့ကို သေချာစွာ သိရှိနားလည်သည်မှာ အညီအညွတ်ရှိစေရန်၊ လူမျိုး၊ ဘာသာစကား၊ စာပေယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ချစ်ခင်ရင်းနှီး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်ပင်ဆွေးနွေး အကောင်အထည်ဖော်ဆောင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့၏ ပွဲတော်ဖြစ်မြောက်ရေးအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ ကျင်းပရေးကော်မတီက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ပွဲတော်ဖြစ်မြောက်ရေးအတွက် ထောက်ပံ့ငွေပေးအပ်ရာ ကျင်းပရေးကော်မတီက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ သတင်းစဉ်

### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားအခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ် အခမ်းအနားများကို လွတ်လပ်စွာ ကျင်းပခွင့်ရရှိရေး အပါအဝင် တိုင်းရင်းသားများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေဘဲ တန်းတူရရှိရေး၊ ဘာသာစကား၊ စာပေ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ပေးရန်အတွက် ဓနုတိုင်းရင်းသားများက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြနိုင်ပါကြောင်း ပြောကြားပြီး ပွဲတော်ဖြစ်မြောက်ရေးအတွက် ထောက်ပံ့ငွေကို ပေးအပ်ရာ ကျင်းပရေးကော်မတီက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

### ဆုများပေးအပ်

ထို့နောက် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် နာယက ဦးစဝ်အောင်မြတ်နှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြပြီး ပွဲတော်ဖြစ်မြောက်ရေးနှင့် နေပြည်တော်တွင် ဆောက်လုပ်မည့် ဓနုတိုင်းရင်းသားဗိမ္မာန်အတွက် အလှူငွေများကို ပေးအပ်ကြ၍ ဂုဏ်ထူးဆောင် ကျောင်းသားကျောင်းသူများနှင့် ဓာတ်ပုံဆုရသူများကို ဆုများပေးအပ်ကြသည်။

### ကျေးဇူးတင်စကား ပြောကြား

ယင်းနောက် ဓနုတိုင်းရင်းသားရေးရာ(ဗဟို)အဖွဲ့ချုပ် အလှည့်ကျဥက္ကဋ္ဌ ဦးနေမျိုးကျော်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး နောင်ချိုမြို့နယ် ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်လှိုင်က ငွေကျပ် ငါးသိန်းနှင့်အထက် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ ဓနုအမျိုးသားနေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

ရှမ်းပြည်နယ်တွင် ဓနုတိုင်းရင်းသားများ အပါအဝင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၃၃ မျိုး နေထိုင်ကြပြီး ဓနုလူမျိုးတို့သည် ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယ၊ ပွေးလှ၊ ရွာငံ၊ ရှေဦး၊ ဘော်ဆိုင်း၊ ရပ်စောက်၊ ကျောက်ထပ်၊ ကလောနှင့် အောင်ပန်းဒေသများ၌ အများဆုံး နေထိုင်ကြ၍ ပျဉ်းမနား၊ ရမည်းသင်း၊ သာစည်တို့နှင့် ဆက်စပ်နေသော တောင်ကြောဒေသများ၌ အသင့်အတင့် နေထိုင်ကြသည်။

### နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ခဲ့

ဓနုအမျိုးသားနေ့သည် ရှမ်းပြည်နယ်အတွင်း ဓနုအမျိုးသားအများစု နေထိုင်ကြသော ၁၀ မြို့နယ်ရှိ ဓနုအမျိုးသားကိုယ်စားလှယ်များနှင့် တစ်နိုင်ငံလုံးရှိ ဓနုအမျိုးသားကိုယ်စားလှယ်များ စုပေါင်းပြီး ပင်းတယမြို့၌ ၁၃၈၀ ပြည့်နှစ် နတ်တော်လဆန်း ၈ ရက်နေ့တွင် ဓနုအမျိုးသားညီလာခံကို ကျင်းပ၍ ဆုံးဖြတ်ချက် (၅) ရပ်ကို အညီအညွတ် ချမှတ်နိုင်ခဲ့သော ပထမဆုံးအကြိမ် ညီလာခံကျင်းပသည့် နတ်တော်လဆန်း ၈ ရက်ကို ဓနုအမျိုးသားတစ်ရပ်လုံး ညီညွတ်စေသော နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ခဲ့ရာမှ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အာဆီယံ - ကိုရီးယား လေ့လာရေးခရီးစဉ်စတင်

ရန်ကုန် ဒီဇင်ဘာ ၄

အာဆီယံ-ကိုရီးယား မိတ်ဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့်နှင့် အာဆီယံ-ကိုရီးယားဗဟိုဌာန ထူထောင်ခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အာဆီယံ-ကိုရီးယားဗဟိုဌာန အထွေထွေအတွင်းရေးမှူးချုပ် Mr. Lee Hyuk ဦးဆောင်သည့် ASEAN-Korea Familiarization Tour ခရီးစဉ်၏ Business Networking Luncheon အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Belmond Governor's Residence ၌ ကျင်းပသည်။

အခမ်းအနားတွင် အာဆီယံ-ကိုရီးယားဗဟိုဌာန အထွေထွေအတွင်းရေးမှူးချုပ် Mr. Lee Hyuk က ကိုရီးယားသမ္မတနိုင်ငံမှ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ၊ မီဒီယာများ၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကိုရီးယား တီဗွီချန်နယ်နှင့်မီဒီယာများမှ မြန်မာနိုင်ငံရှိ ထင်ရှားသည့် ခရီးစဉ်ဒေသများဖြစ်သည့် ရန်ကုန်၊ ပုဂံနှင့် အင်းလေးဒေသများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဈေးကွက်ဖော်ဆောင်သွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

အာဆီယံ-ကိုရီးယားဗဟိုဌာနမှ ဦးဆောင်၍ ဒီဇင်ဘာ ၅ ရက်တွင် ပြည်သူများ အသိပညာပေးရန် အာဆီယံ-ကိုရီးယား ခရီးသွားလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး


ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်


ဒုတိယဝန်ကြီး ဦးအောင်လှထွန်း


ဒုတိယဝန်ကြီး ဦးတင်မြင့်


နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း

● *ကျောဖုံးမှ*

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မသန်စွမ်းသူများအား မသန်စွမ်းမဟုတ်သူ အခြားနိုင်ငံသားများနည်းတူ တန်းတူညီမျှ အခွင့်အရေးရရှိစေရေးနှင့် လူသားအားလုံး ပေါင်းစည်းပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိ လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်တည်လာစေရေးတို့အတွက် ရည်ရွယ်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့်အညီ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ (၂၀၁၅)ကို လည်းကောင်း၊ နည်းဥပဒေများ (၂၀၁၇)ကို လည်းကောင်း ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေနှင့် နည်းဥပဒေများတွင် ပါဝင်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ယခု ၂၀၁၉ ခုနှစ်တွင် ကော်မတီသက်တမ်း နှစ်နှစ်ခွဲကျော်ရှိလာပြီ ဖြစ်ပါကြောင်း၊ သက်တမ်း နှစ်နှစ်ခွဲကျော်အတွင်း နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်များနှင့်အညီ အမျိုးသားကော်မတီက မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ တန်းတူညီမျှ အခွင့်အရေးရရှိစေရေးအတွက် နိုင်ငံတကာစံနှုန်းများ၊ လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေများနှင့်အညီ အကောင်အထည်ဖော် မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့်လည်း မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အခွင့်အရေးတို့နှင့်စပ်လျဉ်း၍ သိသာထင်ရှားတိုးတက်ပြောင်းလဲမှုနှင့် အောင်မြင်မှုများကို စဉ်ဆက်မပြတ်တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

**ဆပ်ကော်မတီကိုးခုကို ဖွဲ့စည်းရန် ဆောင်ရွက်နေ**

အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို အထောက်အကူဖြစ်စေရန် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရေးရာ၊ သုတေသန၊ စောင့်ကြည့်အကဲဖြတ်၊ မသန်စွမ်းအမျိုးသမီးနှင့်ကလေးသူငယ်ရေးရာ၊ သတင်းအချက်အလက် နည်းပညာ အလွယ်တကူ သွားလာနိုင်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေများဆိုင်ရာ၊ တရားမျှတမှုရရှိပိုင်ခွင့်ဆိုင်ရာဟူသည့် ဆပ်ကော်မတီကိုးခုကို ဖွဲ့စည်းရန် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

အဆိုပါ ဆပ်ကော်မတီများအနေဖြင့် မသန်စွမ်းသူများအပါအဝင် လူသားအားလုံး အကျိုးဝင်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ပြည့်မီစေရေးအတွက် နယ်ပယ်အလိုက်မူဝါဒ လုပ်ငန်းအစီအစဉ်များ စနစ်တကျရေးဆွဲချမှတ်နိုင်ရန်နှင့် မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၅)ကို မူကြမ်းရေးဆွဲသွားရန်လိုအပ်ပြီး မဟာဗျူဟာစီမံကိန်း၏ဦးစားပေးနယ်ပယ် (၆)ရပ်ဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေများ စီမံခန့်ခွဲရေး၊ အလွယ်တကူလက်လှမ်းမီရရှိသုံးစွဲနိုင်ရေးတို့သည် မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများဖြစ်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

**ကနဦးစီမံကိန်း**

နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ရေရှည်ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း စနစ်တစ်ရပ်ကို ဖော်ဆောင်လျက်ရှိရာ ၂၀၁၉ ခုနှစ် စက်တင်ဘာလမှ စတင်၍ ကနဦးစီမံကိန်းကာလရှစ်လ သတ်မှတ်ပြီး မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်း ပထမအဆင့်နှင့် ပတ်သက်သည့် မသန်စွမ်းမှုအဆင့်ခွဲခြားသတ်မှတ်သည့်ပုံစံများ၊ မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များ၊ အသိပညာပေးသင်တန်းများ၊ ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းစသည်တို့ကို စီမံကိန်းနယ်ပယ်များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ၊ ကရင်ပြည်နယ် ဘားအံ၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းဆိုင်ရာ ဒုတိယအဆင့်နှင့် တတိယအဆင့်တို့ကို သတ်မှတ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကျွမ်းကျင်သည့် အထူးကုဆရာဝန်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်တို့မှပါဝင်သည့် နည်းပညာဆိုင်ရာအဖွဲ့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများအနေဖြင့် အတူတကွပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အမျိုးသားကော်မတီ၏ ဆောင်ရွက်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ဆင့်တို့တွင် ဖွဲ့စည်းထားရှိပြီးဖြစ်သည့် ကော်မတီများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မသန်စွမ်း အသင်းအဖွဲ့များသည် Focal Ministry ဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ ဌာနဆိုင်ရာများ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**စနစ်တကျ မှတ်တမ်းတင်ထား**

မသန်စွမ်းသူတွေအတွက် ဆောင်ရွက်ရာတွင် မသန်စွမ်းသူအမျိုးသမီးနှင့် အမျိုးသားစာရင်း၊ မသန်စွမ်းမှုအသက်အုပ်စုအလိုက်စာရင်း၊ မသန်စွမ်းမှုအလိုက် လိုအပ်ချက်များ၊ မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်စသည့် ကဏ္ဍအလိုက် လိုအပ်ချက်များကို သိရှိနိုင်စေရန် စနစ်တကျ မှတ်တမ်းတင်ထားကြရမည်ဖြစ်ပါကြောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဗဟိုစာရင်းအင်းဌာနတို့က ဦးဆောင်၍ စာရင်းဇယားများ ပြည့်ပြည့်စုံစုံရရှိနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**“ယခုဆိုလျှင် မသန်စွမ်းသူများ လက်လှမ်းမီ ရယူသုံးစွဲနိုင်ရေးနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်ဖြစ်လာစေရေးအတွက် နေပြည်တော်မြို့မဈေးနှင့် ရေပန်းဥယျာဉ်တို့တွင် ကနဦးစီမံကိန်းများကို ဆောင်ရွက်နေပြီဖြစ်”**

မသန်စွမ်းသူများအတွက် ဆောင်ရွက်ရာတွင် အရေးကြီးသည့် ကဏ္ဍတစ်ခုမှာ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းရပ်များကို ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ပူးပေါင်းပါဝင်စေခြင်းဖြင့် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို အမှန်တကယ်ဖြည့်ဆည်းဆောင်ရွက်ပေးရာရောက်ပါကြောင်း။

မသန်စွမ်းမှုဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်အလက်များ ရရှိရေးအတွက် Voluntary Service Over-seas(VSO)နှင့်ပူးပေါင်း၍ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ (၂၀၁၇)၊ ပုဒ်မ(၆၇)အရ မသန်စွမ်းစစ်တမ်းကောက်ယူနိုင်ရေးအတွက် နည်းပညာအသိပညာပေးသင်တန်းလေးကြိမ်၊ တစ်ကြိမ်လျှင် သင်တန်းသား ၁၀၀ ဖြင့် ဆောင်ရွက်သွားနိုင်ရန်၊ ဝါရှင်တန်မေးခွန်းများဖြင့် မသန်စွမ်းမှုဆိုင်ရာ အချက်အလက်များကို အောက်တိုဘာလမှ ဒီဇင်ဘာလအထိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းကာ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းပေးလျက်ရှိပါကြောင်း။

မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော လူ့အဖွဲ့အစည်းတစ်ရပ် ဖန်တီးဆောင်ရွက်ပေးခြင်းသည် မသန်စွမ်းသူများ၏ ဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပြည့်မီစေခြင်း ဖြစ်သည်နှင့်အညီ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရန်ကုန်မြို့တော်ခန်းမ၌ “ကျွန်ုပ်တို့မြင်ချင်သော အနာဂတ် ရန်ကုန်မြို့တော်ဆွေးနွေးပွဲ”ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါကြောင်း၊ အဆိုပါဆွေးနွေးပွဲမှ တစ်ဆင့် မသန်စွမ်းမှုဆိုင်ရာ သဘောတရားများ ပိုမိုနားလည်သဘောပေါက်ခြင်း၊ မြို့နယ်စည်ပင်သာယာရေး လုပ်ငန်းများတွင် အားလုံးလက်လှမ်းမီရန် ထည့်သွင်းဆောင်ရွက်ရေးအတွက် အတွေးအမြင်သစ်များ ရရှိခြင်း၊ National Building Code နှင့်ပတ်သက်၍ အသိအမြင်တိုးပွားလာခြင်း၊ မီဒီယာများမှတစ်ဆင့် အားလုံးလက်လှမ်းမီသော ရန်ကုန်မြို့တော်ဖြစ်စေရေး တွန်းအားပေးပံ့ပိုးနိုင်ခြင်းစသည့် အကျိုးရလဒ်များ ရရှိခဲ့ပါကြောင်း။

**စံပြအနေဖြင့်ဆောင်ရွက်**

ယခုဆိုလျှင် မသန်စွမ်းသူများ လက်လှမ်းမီ ရယူသုံးစွဲနိုင်ရေးနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်ဖြစ်လာစေရေးအတွက် နေပြည်တော်မြို့မဈေးနှင့် ရေပန်းဥယျာဉ်တို့တွင် ကနဦးစီမံကိန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အဆိုပါ ကနဦးစီမံကိန်းများကို စံပြအနေဖြင့်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ပါဝင်အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်လက် ကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မတည်ရန်ပုံငွေကျပ် (၃)ဘီလီယံကို မတည်ငွေအဖြစ် ရရှိမည်ဖြစ်ပြီး အဆိုပါ ရန်ပုံငွေများ တိုးပွားရေးနှင့် ရေရှည်တည်တံ့ရေးတို့ကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးအဖွဲ့တို့ ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆွတ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပပြုလုပ်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကော်မတီ၏ (၂၂)ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်၍ အစည်းအဝေးတွင် လွတ်လပ်သည့်စောင့်ကြည့် အကဲဖြတ်ယန္တရား Independence Moni-toring Mechanism (IMM) ဖွဲ့စည်းရန်၊ တိုင်းရင်းသားမသန်စွမ်းသူများ၏ အခွင့်အရေးအပြည့်အဝရရှိစေရန်၊ အကြမ်းဖက်ခံရမှုမှ ကင်းဝေးစေရန်၊ မသန်စွမ်းဥပဒေကို လိုအပ်သလို ပြန်လည်သုံးသပ်ရန် စသည့် အကြောင်းရာများ အကြံပြုဆွေးနွေးခဲ့သည်ကို သိရှိရပါကြောင်း၊ အဆိုပါ အကြံပြုချက်များ ပြည့်မီနိုင်ရေးအတွက် အမျိုးသားကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရေးအတွက် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မသန်စွမ်းသူများ၏ အခွင့်အရေးများ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ပြီးဆောင်ရွက်ဆဲ လုပ်ငန်းများ၊ မသန်စွမ်းသူများ၏ အသိဉာဏ်နှင့် စိတ်ပိုင်းဆိုင်ရာကာကွယ်စောင့်ရှောက်ရေး၊ မသန်စွမ်းအခွင့်အရေးများ တန်းတူရရှိရေး၊ မိုင်းအသိပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရေး၊ မသန်စွမ်းသူများ သတင်းအချက်အလက်နှင့် နည်းပညာများ ခံစားရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မသန်စွမ်းသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု မဟာဗျူဟာ ချမှတ်ဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးနိုင်ရေး၊ မသန်စွမ်းသူများကိုယ်တိုင်ပါဝင်နိုင်ရေး နည်းလမ်းများ ဖော်ဆောင်နိုင်ရေး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားကော်မတီဝင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများနှင့် ဆောင်ရွက်ဆဲ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဦးအောင်လှထွန်းနှင့် ဦးတင်မြင့်၊နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာ ဒေသအလိုက်၊ ဌာနအလိုက် မသန်စွမ်းသူများအရေး ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက်အမျိုးသားကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးမြတ်သူဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာပင်လယ်ကြမ်းပြင်မှ စီးပွားရေးအခွင့်အလမ်းများ

လှမျိုးနွယ်

**နေပြည်တော်တွင် ၉-၉-၂၀၁၉ ရက်နေ့နှင့် ၁၀-၉-၂၀၁၉ ရက်နေ့တို့က နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပခဲ့သည့် ကုလသမဂ္ဂ ပင်လယ်ကြမ်းပြင် အာဏာပိုင်အဖွဲ့ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ဂုဏ်ပြုကြိုဆိုသည့် ဆောင်းပါးတစ်စောင်ကို ၉-၉-၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖတ်ရှုခဲ့ရပါသည်။ ဤကဲ့သို့သော အလုပ်ရုံဆွေးနွေးပွဲကို အာရှဒေသတွင်း ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံက လက်ခံကျင်းပခဲ့ခြင်းကို ဝမ်းမြောက်ဂုဏ်ယူမိပါသည်။**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ စာရေးသူပါဝင်တက်ရောက်ခွင့်ကြုံခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်ရှိ ရှားပါးသဘာဝသယံဇာတများ၊ ရှားပါးသတ္တုများကို မကြာမီနှစ်ကာလများ၌ တူးဖော်ထုတ်လုပ်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံအများစုတို့၏ ကြိုးပမ်းချက်များ၊ အောင်မြင်မှုအဆင့်သို့နီးကပ်လာနေပြီဖြစ်သည့် နိုင်ငံအချို့၏ ကြိုးပမ်းလုပ်ဆောင်ချက်များကို လေ့လာခွင့်ရခဲ့ပါသည်။ ထို့အတူ ကမ်းရိုးတန်းနိုင်ငံ၏ကမ်းလွန်ရေတိမ်ပိုင်းကို ရေမိုင် ၂၀၀ ထက်ကျော်လွန်တိုးချဲ့ရန် ကုလသမဂ္ဂ၏ခွင့်ပြုဆုံးဖြတ်ချက်ရထားပြီးဖြစ်သည့် နိုင်ငံများ၏ သတ္တုသယံဇာတရှာဖွေရေးကြိုးပမ်းခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကိုပါ တစေ့တစောင်းသိခွင့်ရခဲ့ပါသည်။

**အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့**

အပြည်ပြည်ဆိုင်ရာပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့ (အတိုကောက်အားဖြင့် "အာဏာပိုင်အဖွဲ့" ဟု သုံးစွဲပါသည်။) သည် ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ရန် ဖွဲ့စည်းခဲ့သောကိုယ်ပိုင်အုပ်ချုပ်ဆောင်ရွက်ခွင့်ရှိသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။ ယင်းအဖွဲ့က ကြီးကြပ်ဆောင်ရွက်နေသော အဓိကလုပ်ငန်းတာဝန်(၂)ရပ်ရှိပါသည်။ ပထမတာဝန်မှာ ကမ္ဘာ့နိုင်ငံများ၏ အချုပ်အခြာအာဏာသက်ရောက်ရာ ပင်လယ်ဧရိယာဇုန်များ၏ ပြင်ပသို့ကျရောက်နေပြီး အပြည်ပြည်ဆိုင်ရာပင်လယ်ကြမ်းပြင် (International Seabed) ဟု သတ်မှတ်ထားသောဧရိယာတွင် သတ္တုသယံဇာတများကို စမ်းသပ်၊ ရှာဖွေရန်ခွင့်ပြုချက်ရပြီးဖြစ်သည့် စီးပွားရေးလုပ်ငန်းအဖွဲ့ကြီးများ (International Firm) အားကြီးကြပ်ကွပ်ကဲရန် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ခွင့်ရရန်အတွက် အာဏာပိုင်အဖွဲ့ (Authority) က သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ခွင့်ပြုချက်ရယူရန်လိုပါသည်။

ဒုတိယတာဝန်မှာ အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင် (International Seabed) တွင် ရှာဖွေတွေ့ရှိနိုင်သော သတ္တုသယံဇာတများကို "လူသားတစ်ရပ်လုံး၏ဘုံအမွေအနှစ်" (Common Heritage of Mankind) အဖြစ်သတ်မှတ်ပြီး ပေါ်ထွက်လာသော ဘဏ္ဍာရေး၊ စီးပွားရေးအကျိုးအမြတ်များကို နိုင်ငံများအား အချိုးကျခွဲဝေခံစားခွင့်ပြုရေးအတွက် ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်း၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ရည်ရွယ်ဖွဲ့စည်းထားသော Enterprise ဟု ခေါ်ဆိုသည့် လုပ်ငန်းအဖွဲ့၏ ပြင်ဆင်ဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲရန်ဖြစ်ပါသည်။ အာဏာပိုင်အဖွဲ့ကချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ လုပ်ကိုင်ရန်ကြပ်မတ်ရမည်ဖြစ်ပါသည်။

ပင်လယ်ဥပဒေကွန်ဗင်းရှင်းစတင်ရေးဆွဲခဲ့စဉ်ကပင်အလွန်အဖိုးတန်သော သဘောတရားတစ်ရပ်အဖြစ် နိုင်ငံများ၏အချုပ်အခြာအာဏာသက်ရောက်ရာ ပြင်ပရှိအပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အား "လူသားတစ်ရပ်လုံး၏ ဘုံအမွေအနှစ်" အဖြစ် ထူးခြားစွာ သတ်မှတ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ပင်လယ်ကြမ်းပြင်အား ငြိမ်းချမ်းစွာ အသုံးပြုမှုအပါအဝင် ရှာဖွေတွေ့ရှိသော သယံဇာတများအား လူသားထုတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် တရားမျှတစွာ၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ခွဲဝေရယူရေးသဘောတရားဖြစ်ပါသည်။

အာဏာပိုင်အဖွဲ့က လိုက်နာဆောင်ရွက်ရမည့် အထွေထွေမူဝါဒကို "ကောင်စီ" အမည်ရှိလက်အောက်ခံအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ချမှတ်နိုင်ပါသည်။ ယေဘုယျစည်းမျဉ်းအဖြစ် အာဏာပိုင်အဖွဲ့နှင့် ယင်းလက်အောက်ခံအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်ကို အများသဘောတူဆန္ဒဖြင့် ချမှတ်ရန်သတ်မှတ်ထားပါသည်။

အာဏာပိုင်အဖွဲ့သည် ရှားပါးအဖိုးတန်သယံဇာတအမျိုးအစားသုံးခုအား အတ္တလန္တိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာများတွင် စမ်းသပ်ရှာဖွေတူးဖော်ရေးလုပ်ဆောင်ရန် တင်သွင်းသော လုပ်ငန်းအဆိုပြုလွှာများကို စိစစ်ခွင့်ပြုပေးရန် တာဝန်ယူရပါသည်။ ဖော်ပြပါ ပင်လယ်သမုဒ္ဒရာဧရိယာသည် စတုရန်းကီလိုမီတာအားဖြင့် ၁ ဒသမ ၃ သန်းခန့် အကျုံးဝင်ပြီးယင်းဧရိယာမှာ ပင်လယ်ကြမ်းပြင်တစ်ခုလုံး၏ ၁ ရာခိုင်နှုန်းမျှသာရှိကြောင်း သိရှိရပါသည်။ သတ်မှတ်ထားသော ပင်လယ်သမုဒ္ဒရာများတွင် ရှာဖွေတူးဖော်ရန်အတွက် ပင်လယ်ဥပဒေကွန်ဗင်းရှင်းအဖွဲ့ဝင်တစ်နိုင်ငံချင်းက လျှောက်ထားခွင့်ရှိသကဲ့သို့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းအဖွဲ့ကြီးများက လျှောက်ထားလိုလျှင် ယင်းတို့မိခင်နိုင်ငံ၏ တာဝန်ခံမှုဖြင့် လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူသည် မည်သူပင်ဖြစ်စေ သက်ဆိုင်ရာနိုင်ငံက တာဝန်ယူကြောင်း ကြေညာချက်ထုတ်ပြန်ခြင်း၊ မိမိတို့တာဝန်ခံထားသော ကန်ထရိုက်တာအား လုပ်ငန်းလုပ်ကိုင်ခွင့် ရပ်စဲခွင့်၊ ယင်းတို့၏ လွဲမှားသော သို့မဟုတ် တမင်ရည်ရွယ်လုပ်ဆောင်သော မှားယွင်းမှုများကြောင့် ပေါ်ပေါက်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နစ်နာမှုအတွက် ဥပဒေအရတာဝန်ယူမှုပြုစေရန် အစရှိသော စည်းကမ်းသတ်မှတ်ချက်များကို အပြည့်အဝလိုက်နာဆောင်ရွက်ရန်လိုပါသည်။

> **"ပင်လယ်ဥပဒေ ကွန်ဗင်းရှင်းစတင်ရေးဆွဲခဲ့စဉ်ကပင် အလွန်အဖိုးတန်သော သဘောတရားတစ်ရပ်အဖြစ် နိုင်ငံများ၏ အချုပ်အခြာအာဏာသက်ရောက်ရာ ပြင်ပရှိအပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အား "လူသားတစ်ရပ်လုံး၏ ဘုံအမွေအနှစ်" အဖြစ်ထူးခြားစွာ သတ်မှတ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ပင်လယ်ကြမ်းပြင်အား ငြိမ်းချမ်းစွာ အသုံးပြုမှုအပါအဝင် ရှာဖွေတွေ့ရှိသော သယံဇာတများအား လူသားထုတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် တရားမျှတစွာ၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ခွဲဝေရယူရေးသဘောတရား ဖြစ်ပါသည်"**

**အာဏာပိုင်အဖွဲ့နှင့်အလားတူအခြားအဖွဲ့အစည်းများ**

အာဏာပိုင်အဖွဲ့၏ ကြီးကြပ်မှုအောက်တွင် အဓိကအဖွဲ့အစည်းအဖြစ် ညီလာခံ(Assembly) နှင့်ကောင်စီ (Council) ကိုလည်းကောင်း၊ ယင်းကောင်စီအားအကြံဉာဏ်ပေးရန် ဥပဒေနှင့် နည်းပညာဆိုင်ရာကော်မတီကိုလည်းကောင်း၊ ဘတ်ဂျက်နှင့်ဆက်စပ်သောငွေကြေးကိစ္စများကို ကိုင်တွယ်ဆောင်ရွက်ရန် ဘဏ္ဍာရေးကော်မတီကိုလည်းကောင်း၊ အာဏာပိုင်အဖွဲ့ကတာဝန်ယူ ကြပ်မတ်ဆောင်ရွက်ရမည့် သတ္တုရှာဖွေရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်နှင့် အဆင်သင့်ဖြစ်ချိန်တွင် လက်တွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်ရန် Enterprise အဖွဲ့ကိုလည်းကောင်း ဖွဲ့စည်းထားပါသည်။

အာဏာပိုင်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖွဲ့စည်းထားသော အတွင်းရေးမှူးရုံး (Secretariat) သည် အခြားလုပ်ငန်းများအပြင် သုတေသနသဘော်ာကြီးများဖြင့် သုတေသနပြုလုပ်ခြင်း၊ ပင်လယ်နက်ပိုင်းရှိ သတ္တု၊ သယံဇာတနမူနာများ ရယူ၍အကဲဖြတ်ခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများက သိပ္ပံပညာရှင်များနှင့် နည်းပညာကျွမ်းကျင်သူများအား သင်တန်းပေးရန်အတွက် ဖွံ့ဖြိုးမှုရန်ပုံငွေများရှာဖွေခြင်းတို့ကို လုပ်ကိုင်ရပါသည်။

**အလုပ်ရုံဆွေးနွေးပွဲကရရှိသောဒေတာ၊ သတင်းအချက်အလက်များ**

အလုပ်ရုံဆွေးနွေးပွဲတွင် ယေဘုယျအားဖြင့် အောက်ပါလုပ်ငန်းဆောင်ရွက်ချက်များကို လေ့လာသိရှိခွင့်ရခဲ့ပါသည်-

- ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်း၏ အဓိကကျသော ပြဋ္ဌာန်းချက်များနှင့် တောင်နှင့်အရှေ့တောင်အာရှဒေသအတွက် အကျိုးသက်ရောက်မှု၊
- ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်နှင့် ဖွဲ့စည်းပုံ၊
- ပင်လယ်ဥပဒေနှင့်အဏ္ဏဝါရေးရာဆိုင်ရာဌာန၏ လုပ်ငန်းများ၊
- ကမ်းရိုးတန်း နိုင်ငံများ၏ ကမ်းလွန်ရေတိမ်ပိုင်းကို ရေမိုင် ၂၀၀ ထက်ကျော်လွန် တိုးချဲ့ခွင့်ရရေးအတွက် ကုလသမဂ္ဂ၊ ကမ်းလွန်ရေတိမ်ပိုင်းနယ်နိမိတ်တိုးချဲ့ရေးကော်မရှင်သို့တင်သွင်းချက်များ၊
- အာဏာပိုင်အဖွဲ့နှင့် ယင်းလက်အောက်ခံအဖွဲ့အစည်းများ၊ အာဏာပိုင်အဖွဲ့နှင့် တန်းတူဖွဲ့ထားသော အဖွဲ့အစည်းများက ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းပါ ယေဘုယျသတ်မှတ်ချက်များ၊
- အာဏာပိုင်အဖွဲ့၏ ပထမဆုံး ဦးစားပေးလုပ်ငန်းအဖြစ် Polymetallic Nodules ၏ အနာဂတ်အလားအလာနှင့်တူးဖော်ထုတ်လုပ်နိုင်မှုတို့နှင့် စပ်လျဉ်း၍ ၁၃-၇-၂၀၀၀ ရက်နေ့က ထုတ်ပြန်ပြီး ၂၅-၇-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ သည့်နည်းဥပဒေ(အထူးသဖြင့် ပင်လယ် ကြမ်းပြင်ရှိ သတ္တု၊ သယံဇာတများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ပင်လယ်သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးအတွက် လိုက်နာရန် ကန့်သတ်ချက်၊ သတ်မှတ်ချက်များ။)
- Polymetallic Sulphides ရှာဖွေတူးဖော်ခြင်းနှင့် စပ်လျဉ်း၍ ၇-၅-၂၀၁၀ ရက်နေ့က ထုတ်ပြန်ခဲ့သည့်နည်းဥပဒေနှင့် Cobalt-rich Crusts ရှာဖွေတူးဖော်ခြင်းအတွက် ၂၇-၇-၂၀၁၂ ရက်နေ့က ပြဋ္ဌာန်းခဲ့သည့်နည်းဥပဒေပါယေဘုယျ သတ်မှတ်ချက်များ၊
- ပင်လယ်ကြမ်းပြင်သယံဇာတများနှင့် သက်ဆိုင်သည့် အကဲဖြတ်မှတ်တမ်းပြုစုသည့်လုပ်ငန်းအစီအစဉ်၊ Database နှင့်သတင်းအချက်အလက်များ၊ ပင်လယ်၏ အလွန်နက်ရှိုင်းသော အပိုင်းတွင်ရှိနေသော သယံဇာတဆိုင်ရာ သိပ္ပံသုတေသနလုပ်ငန်းများကို Enterprise အဖွဲ့က ကြီးကြပ်ခြင်း၊
- ကန်ထရိုက်တာများ၏အခန်းကဏ္ဍနှင့်တာဝန်ယူမှုသတ်မှတ်ခြင်း၊
- ရေနက်ပိုင်းပင်လယ်ကြမ်းပြင်ရှိ သတ္တုတူးဖော်ရေးကပေါ်ထွက်လာမည့်ဘဏ္ဍာရေးနှင့် စီးပွားရေးအကျိုးအမြတ်များကို နိုင်ငံများအကြား မျှတစွာခွဲဝေရေးအတွက် အာဏာပိုင်အဖွဲ့၏ အခန်းကဏ္ဍ ( လူသားထုတစ်ရပ်လုံး၏ ဘုံအမွေအနှစ်အဖြစ် အကျိုးအမြတ်ကို နိုင်ငံများအကြား ခွဲဝေရယူရေးရည်မှန်းချက်အား လက်တွေ့ခံစားရမည့်အချိန်ကာလမှာ ခန့်မှန်းခြေအားဖြင့် အစောဆုံး ၂၀၃၀-၂၀၄၀ ပြည့်နှစ် များတွင်မှဖြစ်မည်ဟုခန့်မှန်းကြပါသည်။)
- "အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်" တွင် စမ်းသပ်၊ ရှာဖွေရေး ဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်လာနိုင်သော အဏ္ဏဝါပတ်ဝန်းကျင် ညစ်ညမ်းမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်နှင့်အဏ္ဏဝါသိပ္ပံသုတေသနလုပ်ငန်းများအတွက် လိုက်နာရန် ဥပဒေပြဋ္ဌာန်းခြင်း၊
- အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်ဧရိယာတွင် စမ်းသပ်ရှာဖွေရေးမှ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းအဆင့်ထိ ပြောင်းလဲလုပ်ကိုင်ရမည့်ကာလတွင်းလိုက်နာရန် ဥပဒေမူဘောင်များ သတ်မှတ်ခြင်း၊
- အာဏာပိုင်အဖွဲ့ထံ မှတ်ပုံတင်ထားသော စီးပွားရေးလုပ်ငန်းရှင်များက အဆိုပြုတင်ပြသည့် လုပ်ငန်းစီမံချက်သည် ပင်လယ်ဥပဒေကွန်ဗင်းရှင်း၊ ယင်း၏စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်သည်ဟု အာဏာပိုင်အဖွဲ့ကယူဆလျှင် ခွင့်ပြုနိုင်ခြင်း၊
- လုပ်ငန်းစီမံချက်လျှောက်ထားရာတွင် ယင်းတို့အဆိုပြုသော ရှာဖွေတူးဖော်မှုများကြောင့် အဏ္ဏဝါ သဘာဝပတ်ဝန်းကျင်အား နောက်ဆက်တွဲ အကျိုးသက်ရောက်မှုဖြစ်စေနိုင်သောအလားအလာများကို သုံးသပ်တင်ပြရန်လိုခြင်း၊ ထို့အတူ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအတွက် အခြေခံသုတေသနပြုလုပ်မှုဆိုင်ရာ အစီအစဉ်များကိုပါ တစ်ပါတည်း တင်ပြရန်လိုခြင်း။
- လုပ်ငန်းစီမံချက်ကို ကောင်စီက ကျေနပ်လက်ခံလျှင် (၁၅)နှစ်ကာလအတွက်ရှာဖွေတူးဖော်ခွင့်ရှိသည့် ကန်ထရိုက်စာချုပ်ကို ချုပ်ဆိုနိုင်ခြင်း၊ ကန်ထရိုက်စာချုပ် သက်တမ်းစေ့လျှင်(၅) နှစ်ထက်မပိုသောကာလအတွက် သက်တမ်းတိုးပေးရန် တောင်းဆိုခွင့်ရှိခြင်း၊
- မူလလုပ်ငန်းစီမံချက်နှင့်အညီ သယံဇာတရှာဖွေရေးအတွက် ပြင်ဆင်ရေးလုပ်ငန်းများကို စတင်လုပ်ကိုင်ရာတွင် ကန်ထရိုက်တာသည် သဘောရိုးဖြင့် ကြိုးပမ်းဆောင်ရွက်ကြောင်း ထင်ရှားလျှင်ယင်း၏ ကန်ထရိုက်သက်တမ်းကို ထပ်မံတိုးမြှင့်ပေးနိုင်ခြင်း၊
- သတ္တု၊ သယံဇာတစမ်းသပ်ရှာဖွေတူးဖော်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ရသော ကန်ထရိုက်တာများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သင်တန်းအစီအစဉ်များကို အာဏာပိုင်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ချမှတ်ရန်လိုခြင်း၊
- သင်တန်း၏ အဓိကရည်ရွယ်ချက်အဖြစ် (က) တူးဖော်ရှာဖွေမည့် နည်းပညာ (methodologies)၊(ခ)ခေတ်မီနောက်ဆုံးပေါ်အသုံးချနည်းပညာ (technologies)၊ (ဂ) လိုက်နာရန် ချမှတ်ထားသည့်ဥပဒေမူဘောင်တို့ကို မျှဝေရန်ဖြစ်ခြင်း၊
- အပြည်ပြည်ဆိုင်ရာပင်လယ်ကြမ်းပြင်တွင် လုပ်ကိုင်နေသော သိပ္ပံဆိုင်ရာအဏ္ဏဝါသုတေသနလုပ်ငန်း၊ ယင်းလုပ်ငန်းတွင် စိတ်ပါဝင်စားသော နိုင်ငံများက သိပ္ပံပညာရှင်များ (Scientists)၏ ပါဝင်နိုင်မှုအခွင့်အလမ်းများကိုလည်းကောင်း၊ ပင်လယ်ရေနက်ပိုင်းရှာဖွေစမ်းသပ်မှု၊အထူးသဖြင့်သတ္တုတူးဖော်မှုများ ပြုလုပ်ချိန်တွင် ယင်းကြောင့် ပင်လယ်ကြမ်းပြင်၏သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမဖြစ်စေရေးအတွက် လိုက်နာရန် စံချိန်စံနှုန်းများကိုလည်းကောင်း၊ သိပ္ပံပညာဆိုင်ရာအဖွဲ့အစည်းများက စုဆောင်းထုတ်ပြန်ထားသော ဒေတာနှင့် သတင်းအချက်အလက်များကိုလည်းကောင်း၊ ကုလသမဂ္ဂပင်လယ်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများကို အသိပေးခြင်း၊
- အပြည်ပြည်ဆိုင်ရာဥပဒေကျွမ်းကျင်သူပညာရှင်၊ သိပ္ပံပညာရှင်များအား စုဝေး၍ အာဏာပိုင်အဖွဲ့၏ လုပ်ငန်းနှင့်အဏ္ဏဝါဆိုင်ရာ သတ္တု၊ သယံဇာတအရင်းအမြစ်များနှင့် သက်ဆိုင်သော အမြင်ဖလှယ်ခြင်း၊ ဆွေးနွေးခြင်းအတွက် ရည်ရွယ်သည့် ဒေသတွင်း ဆွေးနွေးပွဲများကျင်းပခြင်း၊ အဏ္ဏဝါ၊ သတ္တုများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သိပ္ပံသုတေသနလုပ်ငန်းများတိုးတက်စေရေးအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို ထိရောက်စွာမြှင့်တင်နိုင်မည့် ယန္တရားကိုရှာဖွေခြင်း၊ ရှာဖွေတူးဖော်ရန် အလားအလာရှိမည့်

*စာမျက်နှာ ၉ သို့*

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ **ကျောက်ဖြူခရိုင်တရားရုံး တရားမကြီးအမှုမှတ် (၁၁/၂၀၀၅) အမှုတွင် သက်သေခံ(စျ-၁)၌ တင်ပြထားသည့်ကျူးကျော်မှုကို တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးပေးကြပါမည်လား၊ တရားဝင်မြေပုံအထောက်အထားနှင့် မြေပြင်ရှိ ပကတိအနေအထားများကို တိုက်ဆိုင်စစ်ဆေးပေးကြပါမည်လားနှင့် ကွင်းဆင်းစစ်ဆေးကြသည့်အခါ မေးခွန်းမေးမြန်းသူ မိမိအား လိုက်ပါခွင့်ပြုပါမည်လားတို့ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် အမှုများနှင့် ပတ်သက်၍ ယခင်အမြင့်ဆုံးတရားရုံးဖြစ်သော တရားရုံးချုပ်က စီရင်ဆုံးဖြတ်ပြီးဖြစ်ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကွင်းဆင်းစစ်ဆေးပိုင်ခွင့် မရှိပါကြောင်း၊ ထို့ပြင် ယခုမေးမြန်းထားသည့် အမှုကိစ္စနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ကပင် ပထမအကြိမ် ပြည်သူ့လွှတ်တော်စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ၊ နဝမနှင့် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများတွင် ကြယ်ပွင့်ပြမေးခွန်းများအဖြစ် မေးမြန်းခဲ့သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည့်စုံစွာရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုမေးမြန်းထားသည့်မေးခွန်း (က)သည် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းနှင့် သဘောထားချင်းတူညီသည့်မေးခွန်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်



ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



သရက် မဲဆန္ဒနယ်မှ ဦးကံမြင့်

သရက် မဲဆန္ဒနယ်မှ ဦးကံမြင့်၏ **၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရ အသုံးခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ OA စာရင်းလက်ကျန်အခြေအနေများကို မည်သို့ရှင်းလင်းဆောင်ရွက်သည်ကို သိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်တွင် UFA (OA) စာရင်းပိတ် လက်ကျန်ငွေကျပ် ၁၂၇၇၅ ဒသမ ၅၇၅ ဘီလီယံဆိုသည်မှာ စာရင်းအရပေါ်လွင်နေသည့် လက်ကျန်ငွေဖြစ်ပြီး နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုချင်းစီနှင့် နိုင်ငံတော်စာရင်းတို့အကြားတွင် ရရန်ရှိ၊ ပေးရန်ရှိအဖြစ် စာရင်းတင်ဖော်ပြထားသည့်စာရင်းများသာ ဖြစ်ပါကြောင်း၊ ၎င်းတို့ကို စာရင်းချေသည့်နည်းဖြင့် ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် UFA (OA) လက်ကျန်စာရင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက်ဖြင့် စာရင်းများ ပိတ်သိမ်းပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ စာရင်းပြောင်းရွှေ့ညှိနှိုင်းရန် ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၈ ရက်စွဲဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက်ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း၊ ၎င်းညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်ဖော်ပြညွှန်ကြားထားပါကြောင်းနှင့် အဆိုပါစာရင်းရှင်းလင်းပိတ်သိမ်းညှိနှိုင်းဆောင်ရွက်မှုများကို ၂၀၂၀ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထားဆောင်ရွက်သွားရန် ညွှန်ကြားထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ရပ်စောက်မြို့နယ် ကျောက်ဂူကျေးရွာအုပ်စု ကျောက်ဂူကျေးရွာတွင် မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များ ချထားပေးရန် လောလောဆယ် အစီအစဉ်မရှိသေး

ရပ်စောက် မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **ရပ်စောက်မြို့နယ် အင်တောမြို့ ကျောက်ဂူကျေးရွာအုပ်စု ကျောက်ဂူကျေးရွာတွင် နယ်မြေမီးသတ်စခန်းဖွင့်လှစ်၍ မီးသတ်ယာဉ်များ ခွင့်ပြုချထားပေးနိုင်မည့် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရှမ်းပြည်နယ်အတွင်း ဖွဲ့စည်းပုံခွင့်ပြုပြီး မီးသတ်စခန်းများအတွက် မြေနေရာရရှိရေး၊ မီးသတ်စခန်းအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နိုင်ရေး၊ မီးသတ်ယာဉ်များ ဖြည့်တင်းနိုင်ရေးတို့ကို ဆောင်ရွက်နေရခြင်း၊ အရေးပေါ်မီးလောင်မှုများဖြစ်ပွားပါက ရပ်စောက်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ် ငါးစီး၊ အင်တောနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီးနှင့် ကောင်းဘို့နယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီး စုစုပေါင်းမီးသတ်ယာဉ် ကိုးစီးတို့ဖြင့် သွားရောက်ငြိမ်းသတ်နိုင်ခြင်းနှင့် လက်ရှိ ကျောက်ဂူကျေးရွာအုပ်စုသည် နယ်မြေမီးသတ်စခန်း ဖွဲ့စည်းပုံမရှိသေးခြင်းတို့ကြောင့် ရပ်စောက်မြို့နယ်၊ ကျောက်ဂူကျေးရွာအုပ်စု၊ ကျောက်ဂူကျေးရွာတွင် မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များ ချထားပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း။

သို့သော်လည်း နယ်မြေလိုအပ်ချက်အရ၊ ဖွဲ့စည်းပုံအရ ထပ်မံဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ထောက်ခံချက်ဖြင့် တင်ပြ၍ မိမိတို့အနေဖြင့် ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ **တရားရုံးနေ့စဉ်မှတ်တမ်းများ မှန်ကန်စွာမှတ်တမ်းတင်ရေးသွင်းမှုရှိ၊ မရှိ တရားလွှတ်တော်ချုပ်အနေဖြင့် မည်ကဲ့သို့ စိစစ်ထိန်းကျောင်းလျက်ရှိသည်ကို သိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က လည်းကောင်း၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **စေတုတ္တရာမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးအဘက်ဘက်မှ နိမ့်ပါးဆင်းရဲခက်ခဲပါသဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးစားပေးထည့်သွင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လည်းကောင်း၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **မင်းကင်းမြို့နယ်၊ ကြွေကျေးရွာနှင့် မြစ်ရိုးအထက်ပိုင်းဒေသတွင် ပြည်သူများလုံခြုံမှုရှိစေရေး၊ တရားဥပဒေစိုးမိုးစေရေးတို့အတွက် အမှန်တကယ်လိုအပ်နေသော ရဲစခန်းအား ဖွင့်လှစ်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာ ဦးခင်မောင်မောင်၏ **သီရိမြိုင်ယာဉ်ထိန်းသင်တန်းကျောင်းဝင်းရှိ လွန်ခဲ့သော ၁၇ နှစ်ခန့်က ရောင်းချထားသော ဈေးဆိုင်ခန်း ၆၈ ခန်းအား ဖယ်ရှားရန် စီစဉ်ဆောင်ရွက်မှုအပေါ် ဆိုင်ခန်းဝယ်ယူထားသူများ နစ်နာမှုမရှိစေရန် မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက လည်းကောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့်အချက် ၃ ချက်နှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၂ ချက်တို့ကို တင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထင်လင်းဦးက ဆွေးနွေးရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုရန်သဘောတူ

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် အချက် ၃ ချက်နှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၂ ချက်တို့ကို တင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ဇင်မင်းက ဆွေးနွေးရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

## အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန်သဘောတူ

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့်အချက် ၃ ချက်နှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၂ ချက်တို့ကို တင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တပ်မတော်သားကိုယ်စားလှယ်ဗိုလ်မှူး ဇင်လင်းက ဆွေးနွေးရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန်သဘောတူ

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီဝင် ဒေါ်နီနီမေမြင့်က ကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များဖြင့် တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီသို့ ပေးအပ်ထားသော တာဝန်ဝတ္တရားများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ နှစ်ပတ်လည် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ကော်မတီအတွင်းရေးမှူး ဦးစိုးမြင့် (ခေါ်) ဦးအောင်ဇော်မြင့်က ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ကော်မတီဝင် ဒေါ်ခင်သန်းနုက ကော်မတီအနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဥပဒေများကို ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အပြန်အလှန်စောင့်ကြည့်ထိန်းညှိခြင်း၊ ပြည်သူ့ဗဟိုပြုအရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်းတို့အပြင် ပြည်သူတို့၏ တိုင်ကြားစာများနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ပေးပို့ပြီး ပြန်ကြားလာသည့်စာများကို တိုင်ကြားသူထံသို့ ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီအနေဖြင့် ပြည်သူ့လွှတ်တော်က ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းနှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ဒီဇင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ



ဒေါက်တာမြလေးစိန်
ဒုတိယဝန်ကြီး



မွန်ပြည်နယ်
မဲဆန္ဒနယ် အမှတ်(၉)မှ
ဒေါက်တာဇော်လင်းထွဋ်



ကချင်ပြည်နယ်
မဲဆန္ဒနယ် အမှတ်(၁၁)မှ
ဒေါက်တာခွန်ဝင်းသောင်း



ချင်းပြည်နယ်
မဲဆန္ဒနယ် အမှတ်(၁၂)မှ
ဦးမျိုးထက် (ခေါ်) ဆလိုင်းမျိုးထိုက်

နေပြည်တော် ဒီဇင်ဘာ ၄

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **ရသေ့တောင်မြို့နယ် ဖြူချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အတွက် (၂)ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရသေ့တောင်မြို့နယ် ဖြူချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် မူလမြေနေရာဟောင်း (ရွာအတွင်း)အပြင် မြေနေရာအသစ်လည်း ရရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါ မြေနေရာအသစ်အတွက်လည်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာနက ထုတ်ပေးသည့် မြေစာရင်းပုံစံ (၁၀၅)လည်း ရရှိဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် နှစ်ထပ်ကျောင်းဆောင်အပါအဝင် ကျောင်းဆောင်အသစ်များကို မြေနေရာအသစ်တွင် တစ်ဆင့်ပြီးတစ်ဆင့် နီးစပ်ရာဘဏ္ဍာရေးနှစ်မှစ၍ လျာထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## အောင်ဆန်းကွင်းအပါအဝင် ဘောလုံးကွင်း ၂၄ ကွင်းအား ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကနဦးအခမဲ့ သုံးနှစ် B.O.T စနစ်ဖြင့် နှစ် (၃၀) စာချုပ် ချုပ်ဆိုငှားရမ်းခဲ့

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **သမိုင်းဝင် အောင်ဆန်းအားကစားကွင်းကြီးအား အကြီးစားပြင်ဆင်ပေးရန်နှင့် ကွင်းပတ်လည်ရှိ ဆိုင်ခန်းငှားရမ်းခများအား ကာလပေါက်ဈေးအတိုင်း တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အောင်ဆန်းအားကစားပြိုင်ကွင်းအား ယခင်အားကစားဝန်ကြီးဌာနမှ စီမံခန့်ခွဲပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတစ်ဆင့် ကလပ်အသင်းများသို့ အောင်ဆန်းကွင်းအပါအဝင် ဘောလုံးကွင်း ၂၄ ကွင်းအား ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကနဦးအခမဲ့ သုံးနှစ် B.O.T စနစ်ဖြင့် နှစ် (၃၀) စာချုပ် ချုပ်ဆိုငှားရမ်းခဲ့ပါကြောင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်းအတွင်း ငှားရမ်းသည့် ဆိုင်ခန်းခများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကောက်ခံ၍ စုစုပေါင်း ငွေကျပ် (၄၇ ဒသမ ၁၁၃) သန်းအား နိုင်ငံတော်ဘဏ္ဍာအဖြစ် ပေးသွင်းခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အောင်ဆန်းအားကစားပြိုင်ကွင်း၏ ဆိုင်ခန်းငှားရမ်းခများအား ငွေကျပ် (၁၃၄ ဒသမ ၃၃၅) သန်းအထိ တိုးမြှင့်ကောက်ခံခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ယခင် ငှားရမ်းသည့်ငွေအတိုင်း ငွေကျပ် (၄၇ ဒသမ ၁၁၃) သန်းအား နိုင်ငံတော်သို့ ဆက်လက်ပေးသွင်းလျက်ရှိသည်ကို သိရှိရပါကြောင်း။

အောင်ဆန်းအားကစားပြိုင်ကွင်းအား ၂၀၁၈ ခုနှစ် မတ် ၃၀ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြန်လည်လွှဲပြောင်းလက်ခံရယူခဲ့ပြီး ဆိုင်ခန်းငှားရမ်းခများကိုလည်း ယခင်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကောက်ခံထားသည့်နှုန်းထားအတိုင်း ကောက်ခံခဲ့ပြီး နိုင်ငံတော်ငွေစာရင်း အမှတ် MD – 010442 သို့ ပေးသွင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မြန်မာ့ဘောလုံးအားကစားတိုးတက်ရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် အားကစားကွင်းများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဘောလုံးကလပ်အသင်းများသို့ ငှားရမ်းခြင်း သဘောတူစာချုပ် ချုပ်ဆို၍ ငှားရမ်းသုံးစွဲခွင့်ပြုထားသောစာချုပ်ပါ စည်းကမ်းများအရ ပထမအကြိမ် သက်တမ်း (၅)နှစ် ပြည့်မြောက်ပြီဖြစ်သော အားကစားကွင်းများအား ဒုတိယအအကြိမ် (၅)နှစ် သက်တမ်း စာချုပ်ပြင်ဆင်ချုပ်ဆိုရာတွင် စာချုပ်ပါ အချက်အလက်များအား ခေတ်ကာလနှင့် လျော်ညီမှုရှိစေရေးနှင့် ဥပဒေကြောင်းအရ အသုံးအနှုန်းမှန်ကန်မှုရှိစေရေးတို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ဥပဒေအကြံပေးအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများအား ဖိတ်ခေါ်၍ ယခင်စာချုပ်ပါ အပိုဒ်တစ်ပိုဒ်စီအလိုက် ပယ်ဖျက်သင့်သည့် စာသားများ၊ ပြင်ဆင်ဖြည့်စွက်ရမည့် စာသားများအား ဆွေးနွေးညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ကြပါကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် အောင်ဆန်းအားကစားကွင်းအား အကြီးစားပြင်ဆင်ရေးကိစ္စနှင့်ပတ်သက်၍ အင်ဂျင်နီယာအဖွဲ့တို့ဖြင့် စစ်ဆေးခဲ့ရာ အန္တရာယ်ရှိသည့် အဆောက်အဦဖြစ်သောကြောင့် အမြန်ဆုံးဖျက်သိမ်း၍ ပြေးလမ်းပါဝင်သော ခေတ်မီအားကစားကွင်း တည်ဆောက်သင့်သည်ကို အကြံပြုပါကြောင်း၊ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မြေ၊ အဆောက်အဦ၊ စက်ရုံ၊ အလုပ်ရုံတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့သို့ အောင်ဆန်းကွင်း၊ ပဒုမ္မာကွင်း၊ စလင်းကွင်း၊ ဗထူးကွင်းတို့မှ ဆိုင်ခန်းများ ငှားရမ်းသည့်ကိစ္စအတွက် ခေတ်ကာလနှင့်လျော်ညီသည့် ဆိုင်ခန်းငှားခနှုန်းထားများကို စိစစ်ပေးပါရန် စာများပေးပို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးမှ တင်ပြချက်အရ ရန်ကုန်တိုင်းဒေသကြီး တန်ဖိုးစိစစ်ရေးအဖွဲ့က နှစ်ကြိမ်ခန့် ဆွေးနွေးပြီး ဆုံးဖြတ်နိုင်ရန် ပြင်ဆင်လျက်ရှိသည်ကို သိရှိရပါကြောင်း။

ထို့ပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် အောင်ဆန်းကွင်းအား အသစ်တစ်ဖန် ပြန်လည်တည်ဆောက်နိုင်ရေးနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတို့ ပထမတစ်ကြိမ်တွေ့ဆုံညှိနှိုင်းပြီး ဖြစ်ပါကြောင်း၊ ဒီဇင်ဘာဒုတိယအပတ်တွင် ဆက်လက်ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် ၏ **ချင်းပြည်နယ် မတူပီမြို့နယ် စာလ်ထောင်ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က စာလ်ထောင်ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ရန်အတွက် နေရာဒေသရွေးချယ် သတ်မှတ်ရေးအခြေခံမှု (၆)ချက် အနက် (၃) ချက်သာကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလွှမ်းခြုံပေးနိုင်မည်ဖြစ်ခြင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးမှလည်း ထောက်ခံတင်ပြထားခြင်းတို့ကြောင့် စာလ်ထောင်ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စု အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများက နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် မူဝါဒများနှင့်အညီ စိစစ်၍ မြေစာရင်း ပုံစံ(၁၀၅ – ၁၀၆) ရရှိပါက ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ထို့နောက် **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း** က အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အရ ငါးလုပ်ငန်းဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို၏ နောက်တွင် **ဥပဒေနှင့်အညီ**ဆိုသည့် စာပိုဒ်ကို အစားထိုးလိုပါကြောင်း၊ အခန်း(၁) အပိုဒ်(၂) ၏ အပိုဒ်ခွဲ(စ)မှ အာဟာရဖြည့်စွက်ရန်၏ နောက်တွင် သန္ဓေတားရန်ဆိုသည့် စကားရပ်အစား **သန္ဓေတားမြစ်ရန်၊ ခွဲစိတ်ရန်** နှင့်ကို အစားထိုးပြင်ဆင်လိုပါကြောင်း၊ အခန်း(၁) အပိုဒ်(၂)တွင်ပင် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်တို့တွင် ပါဝင်သည့် (ခ) အက္ခရာစဉ်ကို (ည)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည် ဖြစ်ပါကြောင်း၊ ဆက်လက်၍ ဥပဒေကြမ်း၏ စာမျက်နှာ(၆) အပိုဒ်ခွဲ(ဒ)တွင် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာတွင်ဆိုသည့် စကားရပ်အစား မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းဆိုသည်မှာဟု ပြင်ဆင်လိုပါကြောင်း။

ယင်းအပိုဒ်ခွဲ (ဒ)တွင် တိရစ္ဆာန်များကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် ဓာတ်ခွဲခန်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများလည်း ပါဝင်သည်ဆိုသည့် စကားရပ်တစ်ခုလုံးကို **တိရစ္ဆာန်များကို လေ့ကျင့်သင်ကြားပေးခြင်းအပြင် ဓာတ်ခွဲခန်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့်လုပ်ငန်းများလည်း ပါဝင်သည်** ဟု ပြောင်းလဲပြင်ဆင်လိုပါကြောင်း၊ အခန်း(၈) အပိုဒ်(၁၈)၏ အပိုဒ်ခွဲငယ် (ဂ) တစ်ခုလုံးကို **မိမိလုပ်ကိုင်သော တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွင်ဖြစ်စေ၊ အခြားနယ်ပယ်တစ်ခုတွင်ဖြစ်စေ တိရစ္ဆာန်များ ကူးစက်ရောဂါ ဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရပါက သက်ဆိုင်ရာဦးစီးဌာနသို့ အမြန်ဆုံး အသိပေး အကြောင်းကြားရမည်**ဟု အစားထိုးပြင်ဆင်လိုပါကြောင်း၊ ထို့ပြင် အခန်း(၉) အပိုဒ်(၂၁) အပိုဒ်ခွဲငယ် (စ) နှင့် (ဆ) ၌ ဦးစီးဌာန၏ နောက်တွင် **တရားဝင်** ဆိုသည့်စကားစုကို အသီးသီးအစားထိုး ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း** က အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ပုဒ်မ – ၂(က)တွင် မိမိအနေဖြင့် ကုန်းနေရေနေသတ္တဝါတို့နှင့် ငှက်အုပ်စုတို့ကို ဆိုလိုသည်ဟု ထပ်မံဖြည့်စွက်လိုပါကြောင်း၊ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ပုဒ်မ – ၂(ဃ) တွင် မိမိအနေဖြင့် တိရစ္ဆာန်ပစ္စည်းဆိုသည်မှာ တိရစ္ဆာန်မှ ထွက်ရှိသော အသား၊ နို့၊ ဥ၊ သွေး၊ အရိုး၊ သားရေအပြင် မြွေဆိပ်ကို အရည်ဟု သတ်မှတ်သည့်အတွက် အရည်ကို ထပ်မံဖြည့်စွက်လိုပါကြောင်း၊ ယင်းအခန်း ပုဒ်မ – ၂ (ဓ)တွင် ထောက်ခံချက်လက်မှတ်ဆိုသည်မှာ တိရစ္ဆာန်ထွက်ပစ္စည်း မျိုးရိုးဗီဇ ပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး (သို့မဟုတ်) ရေလုပ်ငန်းတွင် အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများအား **ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း** ဟုထပ်မံဖြည့်စွက်လိုပါကြောင်း။

အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ပုဒ်မ – ၂ (ဘ)တွင် မိမိအနေဖြင့် စိုက်ပျိုးတောင်သူများ၏ ရာသီအလိုက်စိုက်ပျိုးသီးနှံပင်များ တည်ရှိရာပတ်ဝန်းကျင် အဝန်းအဝိုင်းနေရာကို ဆိုသည်ဟု ထပ်မံဖြည့်စွက်လိုပါကြောင်း၊ အခန်း(၂) ရည်ရွယ်ချက် ၊ ပုဒ်မ–၃(စ) တွင် **တိရစ္ဆာန်များကို တမင်ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ပေးရန်** တွင် မိမိအနေဖြင့် **တိရစ္ဆာန်များကို ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် စပ်လျဉ်း၍ ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ပေးရန်**ဟူ၍ ပြုပြင်လိုပါကြောင်း၊ အခန်း(၂) ရည်ရွယ်ချက်၊ ပုဒ်မ – ၃(ဆ) တွင် မျိုးကောင်းမျိုးသန့်ထောက်ပံ့ပေးရန်၊ **ရောဂါထိန်းချုပ်**သည့် မွေးမြူရေးမြေ၊ **ရောဂါကင်းမဲ့**သည့် မွေးမြူရေးခြံအဖြစ် စနစ်တကျလုပ်ကိုင်နိုင်စေရန်ဟူ၍ ရောဂါထိန်းချုပ်နှင့် ရောဂါကင်းမဲ့ဆိုသည့် စကားလုံးကို ထပ်မံဖြည့်စွက်လိုပါကြောင်း။

အခန်း(၃) ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ပုဒ်မ –၅(ဌ) တွင် မိမိအနေဖြင့် **သက်ဆိုင်ရာအစိုးရဌာန**ဆိုသည့် စကားလုံးကို ထပ်မံဖြည့်စွက်လိုပါကြောင်း၊ အခန်း(၃) ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ပုဒ်မ – ၅ (ဎ)တွင်လည်း ပုဂ္ဂိုလ် သို့မဟုတ် အခြားအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများဟူ၍ ထပ်မံဖြည့်စွက်လိုပါကြောင်း၊ အခန်း(၅) ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ပုဒ်မ –၉ (ခ) ၏ တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတွင် ကာကွယ်၏ ရှေ့၌ ကြိုတင်ကို ဖြည့်စွက်လိုပါကြောင်း၊ အခန်း (၅) ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ပုဒ်မ – ၁၀ (ဃ)တွင် မျိုးကောင်းသော ဆိုသည့်ကိစ္စတွင် မျိုးကောင်းမျိုးသန့်ဟူ၍ ဖြည့်စွက်ပြုပြင်လိုပါကြောင်း၊ အခန်း(၉) မွေးမြူရေးလုပ်ငန်းများ၊ ပုဒ်မ – ၂၁(ဂ) တွင် မွေးမြူထားသည့် တိရစ္ဆာန်တွင် ကူးစက်ရောဂါကျရောက်သည့်အခါ ဦးစီးဌာနသို့ အမြန်ဆုံးအသိပေးအကြောင်းကြားရမည်ဆိုသည်ကို မိမိအနေဖြင့် **နီးစပ်ရာ တိရစ္ဆာန် ကျန်းမာရေးလုပ်သား၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့် ဆက်သွယ်၍ ဦးစီးဌာနသို့ အမြန်ဆုံးအသိပေးအကြောင်းကြားပေးရမည်** ဟု ပြုပြင်လိုပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

## တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စည်းကမ်းတကျ ထိန်းသိမ်းကွပ်ကဲနိုင်စေရန် ထိရောက်သည့် မူဝါဒလမ်းညွှန်မှုစီမံချက်တစ်ရပ်ရပ် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်း

ယင်းနောက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ကချင်ပြည်နယ်သာမက တခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့တိုင် ဧကများစွာ ဆက်လက်စိုက်ပျိုးလျက်ရှိသော တရုတ်တစ်သျှူးငှက်ပျော စိုက်ပျိုးခြင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို စည်းကမ်းတကျ ထိန်းသိမ်းကွပ်ကဲနိုင်စေရန်၊ ရေရှည်တွင် ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများအား ကြိုတင်တားမြစ်နိုင်ရန်နှင့် ရသင့်သော အခွန်ဘဏ္ဍာများ ရရှိနိုင်ရန်အလို့ငှာ သက်ဆိုင်သည့်ဌာနအသီးသီးတို့မှ ဟန်ချက်ညီညီ ပါဝင်လုပ်ဆောင်နိုင်မည့် ထိရောက်သည့် မူဝါဒလမ်းညွှန်မှုစီမံချက်တစ်ရပ်ရပ်ကို ချမှတ်၍ အဓိကကျသည့် ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေး ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းရာတွင်

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၆ မှ*

သယံဇာတများနှင့် သက်ဆိုင်သော ဒေတာအချက်အလက်များကို စုဆောင်းခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်း တာဝန်၊

- အာရှဒေသနိုင်ငံများအနက် ပင်လယ်ကြမ်းပြင်ဆိုင်ရာ သတ္တု၊ သယံဇာတများ စမ်းသပ်ရှာဖွေခြင်း၊ သုတေသနပြုခြင်း လုပ်ငန်းများတွင် ထိပ်ဆုံး၌ရောက်ရှိနေပြီဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအား ကာကွယ်နိုင်မည့် စီးပွားရေးစနစ်ဖော်ဆောင်ရာတွင် ဒေသတွင်းနိုင်ငံများအားအကူအညီပေးရန်၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ အကူအညီပေးရန်အတွက် အာဏာပိုင်အဖွဲ့၏ပံ့ပိုးမှုဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ကမ်းလှမ်းခြင်း၊ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသောဒေသတွင်းနိုင်ငံများက သင်တန်းသားများကိုရွေးချယ်သင်တန်းပေးခြင်း၊
- ပင်လယ်ကြမ်းပြင်ရေနက်ပိုင်း၌ တွေ့ရှိရသော သယံဇာတများကို အနာဂတ်ကာလတွင် ထုတ်လုပ်ခြင်းကြောင့် အလားတူသယံဇာတထုတ်လုပ်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးကို ဆိုးရွားစွာ ထိခိုက်နိုင်စေမည့် အခြေအနေပေါ်ပေါက်လျှင် ယင်းနိုင်ငံများကို အာဏာပိုင်အဖွဲ့၏ ရန်ပုံငွေမှ အထောက်အပံ့ပေးရန် လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ သို့မဟုတ် ဒေသတွင်း ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အကူအညီနှင့် ကျွမ်းကျင်မှုကိုလည်းကောင်း အာဏာပိုင်အဖွဲ့ကရယူနိုင်ခြင်း၊
- ရှာဖွေတူးဖော်ရေးသင်္ဘော (exploration cruises)များ၊ ရှားပါးသတ္တုများ တူးဖော်မည့် ဒီဇိုင်း၊ တူးဖော်မည့်စနစ်၊ အကြီးစားစက်ပစ္စည်းများ၊ ပင်လယ်သမုဒ္ဒရာတွင်း အစမ်းလေ့ကျင့်မှုများနှင့် စပ်လျဉ်း၍ အချို့သောစီးပွားရေးလုပ်ငန်းကြီးများ၏ ပြင်ဆင်ဆောင်ရွက်မှုကို လေ့လာသိရှိခွင့်ရခြင်း၊
- သုတေသနရလဒ်များအရ ပစိဖိတ်သမုဒ္ဒရာ အရှေ့တောင်ပိုင်းနှင့် မြောက်ဘက်အလယ်ဗဟိုပိုင်းတို့တွင် တွေ့ရှိနိုင်သည့်အချို့သော ရှားပါးသယံဇာတပမာဏသည် တစ်ကမ္ဘာလုံးတွင် ယခုလက်ရှိထုတ်လုပ်နေသော ပမာဏ၊ အရည်အသွေးထက် အဆပေါင်းများစွာရှိနေသည်ကို သိရှိခွင့်ရခြင်း၊ ထို့အတူ ကမ္ဘာ့ဈေးကွက်တွင် ယခုအခါ လျော့နည်းကျဆင်းစပြုနေပြီဖြစ်သည့် သတ္တုအမျိုးအစားအချို့သည် နက်ရှိုင်းသော ပင်လယ်ကြမ်းပြင်ဧရိယာ၌ အမြောက်အမြားရှိနေဆဲဖြစ်ကြောင်း သိရှိခွင့်ရခြင်း၊
- မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ကွန်ပျူတာ၊ laptop၊ မိုဘိုင်းလ်တယ်လီဖုန်းများ၊ အဆင့်မြင့်ဘက်ထရီအစရှိသည့် လျှပ်စစ်ပစ္စည်းများတွင် အသုံးပြုနေကြရပြီး လက်ရှိကမ္ဘာ့ဈေးကွက်တွင် တန်ဖိုးကြီးမားသော သတ္တုအမျိုးအစားများသည် ကမ္ဘာတွင် ရှားပါးစပြုလာပြီဖြစ်သော်လည်း ပင်လယ်ကြမ်းပြင်တွင် အမြောက်အမြားရှိနေဆဲ ဟုသိခွင့်ရခြင်း၊
- အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့၏ ဆောင်ရွက်ချက်လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်ချမှတ်သော လုပ်ငန်းစဉ်တွင် အာဆီယံနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် အားပေးခြင်း၊
- တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း နောင်တွေ့ရှိလာမည့် သတ္တုသယံဇာတများ စီမံ၊ ပြုပြင်၊ ထုတ်လုပ်ရေးလုပ်ငန်းစဉ်တွင် ယင်းနိုင်ငံများ ပါဝင်နိုင်မည့်အခွင့်အရေးနှင့်အလားအလာများကို သိခွင့်ရခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

---

## ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)က ဒီဇင်ဘာ ၁ ရက်စွဲဖြင့် သဘောထားထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အပြည်ပြည်ဆိုင်ရာတရားရုံးသို့ သွားရောက်ပြီး ဂမ်ဘီယာနိုင်ငံ၏ စွဲဆိုချက်အား ရင်ဆိုင်ဖြေရှင်းသွားမည့်ကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)၏ သဘောထားထုတ်ပြန်ချက်**

(၁) ဂမ်ဘီယာနိုင်ငံက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအား အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုထားသောကြောင့် စွဲဆိုထားသောအမှုကိစ္စကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရကိုယ်စား သွားရောက် ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်ရပ်တည်မှုနှင့် အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ဦးဆောင်သွားရောက် ရင်ဆိုင်မည့်ကိစ္စရပ်အား မိမိတို့ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) က အကောင်းမြင်ပါသည်။

(၂) အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် တိကျမှန်ကန်သော အချက်အလက်အပြည့်အစုံဖြင့် ဆုပ်ကိုင်ဖြေရှင်းနိုင်ရန်အတွက် ပြည်တွင်းရှိ ပကတိဖြစ်ပျက်တည်ရှိနေသော အခိုင်အမာအချက်အလက်များကို ဘက်ပေါင်းစုံလေ့လာပေါင်းရုံးသုံးသပ်ယူဆောင်သွားသင့်ပါကြောင်း မိမိတို့ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)၏ သဘောထားအမြင်ကို ထုတ်ပြန်အပ်ပါသည်။

ဗဟိုကော်မတီ
ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)
၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်

---

## အထက(၂) ခေါမ်ခွီးပန်း နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်နေ့ ကျင်းပမည်

**မင်းတပ် ဒီဇင်ဘာ ၄**

ချင်းပြည်နယ် မင်းတပ်မြို့အထက(၂) ကျောင်းသားဟောင်းများ ဦးဆောင်ကျင်းပသော အထက(၂) ခေါမ်ခွီးပန်း၏ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်နေ့အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်တွင် အဆိုပါကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယင်းနေ့တွင် အထက(၂)ခေါမ်ခွီးပန်း ကျောင်းဖွင့်လှစ်သည့်နှစ်(၅၀) ပြည့်ရွှေရတုအထိမ်းအမှတ် ကျောက်စာတိုင်နှင့် မုခ်ဦးဖွင့်ပွဲကို လည်းကောင်း၊ အလွတ်တန်းဖူဆယ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်နှင့် စစ်တုရင်ဖိတ်ခေါ်ဖလားပြိုင်ပွဲတို့တွင် ဆုရရှိသည့်အသင်းများအား ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ညပိုင်းတွင် စတိတ်ရှိုးဖျော်ဖြေပွဲကျင်းပပြုလုပ်မည်ဖြစ်၍ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ခွီရှိန်း(ပြန်/ဆက်)**

---

# ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး စကားဝိုင်းဆွေးနွေးပွဲ စတင်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၄

**“အရင်းအမြစ်များ၊ ညှိနှိုင်းဆောင်ရွက်မှု၊ သတင်းအချက်အလက်စနစ်၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့နှင့်အတူ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုတို့ ဆောင်ရွက်ရန်အတွက် ပူးပေါင်းဆောင်ရွက်ကြပါစို့” ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေး စကားဝိုင်းဆွေးနွေးပွဲ (Myanmar Development Eff–ectiveness Roundtable) ကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန – ၂ ၌ ကျင်းပသည်။**




“အရင်းအမြစ်များ၊ ညှိနှိုင်းဆောင်ရွက်မှု၊ သတင်းအချက်အလက်စနစ်၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့နှင့်အတူ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုတို့ ဆောင်ရွက်ရန်အတွက် ပူးပေါင်းဆောင်ရွက်ကြပါစို့” ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေး စကားဝိုင်းဆွေးနွေးပွဲကျင်းပစဉ်။ သတင်းစဉ်

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဘက်စုံပူးပေါင်းဆောင်ရွက်မှု အဓိကအခန်းကဏ္ဍတွင် ပါဝင်**

ဆွေးနွေးပွဲတွင် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံ အစိုးရအနေဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပြည်တွင်း ပြည်ပ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍအပါဝင် မိတ်ဖက်အားလုံးနှင့် ပူးပေါင်း၍ ဖွံ့ဖြိုးမှုအကူအညီများကို ပွင့်လင်းမြင်သာမှုနှင့် ထိရောက်မှုရှိစေရန်အတွက် ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှုအကူအညီများသည် နိုင်ငံ၏ စီးပွားရေးရေရှည်တည်တံ့ဖွံ့ဖြိုးစေပြီး အရည်အသွေးပြည့်ဝသည့် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း၊ ထို့အပြင် ဖွံ့ဖြိုးမှုအကူအညီများသည် စီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင်ဖန်တီးမှုနှင့် နည်းပညာဖလှယ်ပေးနိုင်သည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးရန်အတွက် အရေးပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ဘက်စုံပူးပေါင်းဆောင်ရွက်မှုများသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့ဖွံ့ဖြိုးမှုခရီးစဉ်ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဆက်အောင်၊ ဦးမင်းရဲပိုင်ဟိန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်တို့က ပါဝင်ဆွေးနွေးကြပြီး ကလောမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်က ဆွေးနွေးပွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။ ဆွေးနွေးပွဲတွင် ဖွံ့ဖြိုးမှုအကူအညီများနှင့်စပ်လျဉ်း၍ အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ကဏ္ဍ(၄)ခုကို တစ်ပြိုင်နက်တည်း ဆွေးနွေး**

ထို့နောက် “နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ ပါဝင်လာနိုင်စေမည့် ဝန်းကျင်ကောင်းများ ဖန်တီးပေးရေး”၊ “နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရ-ပုဂ္ဂလိကကဏ္ဍပါဝင်မှုမြှင့်တင်ရေး”၊ “တာဝန်ယူမှုရှိသည့် အားလုံးပါဝင်နိုင်သော မြန်မာ့စီးပွားရေး”နှင့် “မြန်မာနိုင်ငံအတွက်နိုင်ငံတကာ အထောက်အပံ့များ၏ အကျိုးသက်ရောက်မှုများ၊ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတကာ၏ အတွေးအမြင်များ” စသည့် ကဏ္ဍ(၄)ခုကို တစ်ပြိုင်နက်တည်း ဆွေးနွေးခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲများသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်တွင်း ပြည်ပအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပြည်တွင်း ပြည်ပမှ ကျွမ်းကျင်သူများ တက်ရောက်ဆွေးနွေးကြသည်။

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းရဲပိုင်ဟိန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာလုသို့ဗ္ဗန်းနှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - ဗီယက်နမ် နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၊ သီးနှံများစိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်ဆိုင်ရာ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှု၊ ၂၀၁၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် မွေးမြူရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ငါးလုပ်ငန်းဆိုင်ရာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်ရေးနှင့် ၂၀၂၀ ပြည့်နှစ်မှစ၍ နှစ်ဖက်အလှည့်ကျ အစည်းအဝေးများ ကျင်းပနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည်နှင့်အညီ ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍနှင့် ကျေးလက်ကဏ္ဍများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတွင် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ မျိုးသစ်မွေးမြူခြင်းနှင့် သုတေသနလုပ်ငန်းများ၊ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို တိုးချဲ့ကျင်းပနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာလုသို့ဗ္ဗန်းအား တွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် စပိန်နိုင်ငံ မက်ဒရစ်မြို့ရှိ Feria de Madrid ၌ ချီလီနိုင်ငံနှင့် စပိန်နိုင်ငံအစိုးရတို့ ပူးပေါင်းကျင်းပသည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၂၅)ကြိမ်မြောက် ညီလာခံသို့ တက်ရောက်ခဲ့သည်။

**ကမ္ဘာကြီးပူနွေးစေသောဓာတ်ငွေ့များ ဖယ်ရှားရေး**

ညီလာခံတွင် ချီလီနိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီး Ms. Carolina Schmidt Zaldivar ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဥက္ကဋ္ဌ Mr. Hoesung Lee ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Antonio Guterres နှင့် စပိန်နိုင်ငံ ဝန်ကြီးချုပ် Mr. Pedro Sanchez တို့က ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေ ရှိစေရေး၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး၊ ကမ္ဘာ့လေထုထဲရှိ ကမ္ဘာကြီးပူနွေးစေသော ဓာတ်ငွေ့များ ဖယ်ရှားရေးတို့နှင့်သက်ဆိုင်သည့် နိုင်ငံတကာမှ ပူးပေါင်းတာဝန်ယူဆောင်ရွက်ရမည့်ကိစ္စရပ်များကို အချိန်မဆိုင်းဘဲ ချက်ချင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စပိန်နိုင်ငံ အစိုးရ၏ အလုပ်သဘော ဆွေးနွေးပွဲ ကျင်းပသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး ညနေပိုင်းတွင် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း အထောက်အကူပြုလုပ်ငန်းအဖွဲ့များဖြစ်သည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာအကြံပေးအဖွဲ့နှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့တို့မှ ညီလာခံသို့ တင်ပြမည့် အစီရင်ခံစာနှင့် အချက်အလက်များ ညှိနှိုင်းအတည်ပြုချက်ရယူခြင်း အစည်းအဝေးသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းတွင် Feria de Madrid ရှိ LAO Plenary ခန်းမ၌ သိပ္ပံနှင့် နည်းပညာဆိုင်ရာအကြံပေးအဖွဲ့က ဦးဆောင်ကျင်းပသည့် ပင်လယ်သမုဒ္ဒရာကြီးများနှင့် ကမ္ဘာ့တိုက်ကြီးများတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သိသာထင်ရှားလာမှုနှင့် အကျိုးသက်ရောက်မှုများ၊ သိပ္ပံနည်းကျလေ့လာမှုများ ပြုလုပ်ရန်အတွက် နည်းပညာ၊ စွမ်းဆောင်ရည်နှင့် လုပ်ငန်းရန်ပုံငွေဆိုင်ရာ လိုအပ်ချက်များ၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု လေ့လာဆန်းစစ်သည့် နည်းပညာများ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများသို့ ရှင်းလင်းတင်ပြခြင်းနှင့် မေးခွန်းများ ပြန်လည်ဆွေးနွေးဖြေကြားခြင်း Earth Information Day အစီအစဉ်သို့ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၂၅)ကြိမ်မြောက် ညီလာခံ တက်ရောက်စဉ်။

**ငါးသယံဇာတများဆုံးရှုံးမှု ကာကွယ်နိုင်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Feria de Madrid ရှိ North Convention Center ၌ ကျင်းပသည့် ရာသီဥတုပြောင်းလဲမှုနှင့် သမုဒ္ဒရာများအပေါ် အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ လိုက်လျောညီထွေရှိစေရေး၊ ပင်လယ်ဂေဟစနစ် ထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းခြင်းဖြင့် ငါးသယံဇာတများဆုံးရှုံးမှုအား ကာကွယ်နိုင်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့်စပ်လျဉ်း၍ ကြိုတင်သတိပေးစနစ်များ အသုံးပြုခြင်းဖြင့် ဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်မည်ဖြစ်ပြီး ဖြစ်ပေါ်လာမည့် အခြေအနေများအပေါ် အကောင်းဆုံး ပြန်လည်တုံ့ပြန်နိုင်မည်ဖြစ်ခြင်း စသည့် အချက်အလက်များပါဝင်သည့် ရာသီဥတုပြောင်းလဲမှုနှင့် သမုဒ္ဒရာဆိုင်ရာ အစီရင်ခံစာများနှင့် အင်တာနက်ဝက်ဘ်ဆိုက်များ ထုတ်ပြန်ကြေညာသည့် Platform for Science Based Ocean Solutions Plenary ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ **သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ဆယ်စုနှစ်တစ်ခုမက ကချင်ပြည်နယ်တွင် စတင်ခဲ့သည့် တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် တစ်စတစ်စကြီးထွားကျယ်ပြန့်လာပြီး ယခုအခါတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသာမက မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အထိတိုင် စိုက်ပျိုးရန် ကြိုးပမ်းနေမှုများကို လေ့လာသိရှိရပါကြောင်း၊ ယင်းလုပ်ငန်းမျိုးကို ဥပဒေနှင့်အညီ စည်းကမ်းတကျ ညွှန်ကြားချက်များမရှိပါက ဆင့်ပွားဖြစ်ပေါ်လာမည့် ပြဿနာများသည် နောင်အခါတွင် ကချင်ပြည်နယ်တစ်ခုတည်း၏ အရေးမဟုတ်တော့ဘဲ ဆက်စပ်လျက်ရှိသည့် နိုင်ငံတစ်ခုလုံး၏ ထိခိုက်နစ်နာမှုများဟု ရှုမြင်ပြီး အချိန်မီပြင်ဆင်ဖြေရှင်းပေးနိုင်ရန် အရေးကြီးသည့် ကာလတစ်ခုဖြစ်ပါကြောင်း။

ထို့ပြင် တရုတ်စာဖြင့် ရေးသားထားသည့် ဆိုင်းဘုတ်များနှင့် စိုက်ပျိုးနေသည့် ငှက်ပျောစိုက်ခင်းများသည် သာမန်အရပ်သားတို့၏ မြေယာများတွင်သာမက အစိုးရကြိုးဝိုင်း၊ သစ်တောမြေအထိပါ ချဲ့ထွင်စိုက်ပျိုးထားကြသည့်အတွက် သက်ဆိုင်ရာဌာနမှ အရေးယူဖြေရှင်းခြင်းများကိုလည်း ပြုလုပ်နေရပြီဖြစ်ပါကြောင်း၊ တရုတ်လိုင်စင်မှတ်ပုံတင်ထားသည့် တစ်သျှူးငှက်ပျောတင်ကားကြီးများ နှစ်စဉ် အစီးရေထောင်၊ သောင်းချီ၍ သယ်ယူပို့ဆောင်နေကြသည့်အတွက် နယ်စပ်ထွက်ပေါက်လမ်းမှ တံတားများ၏ ပျက်စီးမှုအန္တရာယ်စိုးရိမ်ဖွယ်ရှိနိုင်သကဲ့သို့ ရသင့်သည့် ဘဏ္ဍာငွေများ မှန်မှန်ကန်ကန်ရရှိရန်နှင့် ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံကြရန်တို့ကို စည်းကမ်းတကျ ထိန်းကွပ်မှုမရှိသရွေ့ နိုင်ငံတော်၏ ဘဏ္ဍာငွေဆုံးရှုံးမှုများ ဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်ပါကြောင်း။

တရုတ်နိုင်ငံ တစ်နိုင်ငံလုံး ငှက်ပျောသီးစားသုံးမှု လိုအပ်ချက်ပြည့်မီရန် ငှက်ပျော စိုက်ဧက ၁၂ သိန်းခန့် လိုအပ်ပြီး ယခုအခါတွင် တရုတ်နိုင်ငံအတွက် ပြည်တွင်းပြည်ပ စိုက်ဧကပေါင်းသည် ၅ သိန်းဝန်းကျင်သာ ရှိနေသေးပါကြောင်း၊ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် လုပ်ငန်းရှင်များသည် ၎င်းတို့၏ ပြည်တွင်းမှာသာမက နီးစပ်ရာနိုင်ငံများထဲတွင် ဆက်လက်ရင်းနှီးမြှုပ်နှံကြမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအနေဖြင့် ရေရှည်တည်တံ့စွာ ခိုင်ခိုင်မာမာ အကျိုးဖြစ်ထွန်းစေမည့် ယခုကဲ့သို့ လုပ်ငန်းများကို မျက်ခြည်မပြတ်ဘဲ ယခုထက်ပိုမိုဖော်ဆောင်နိုင်ရန်အတွက် ရည်ရွယ်၍ အဆိုတင်သွင်းရခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထက် (ခေါ်) ဆလိုင်းမျိုးထိုက်က အဆိုကို ထောက်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

## ကမ်းလွန်လုပ်ကွက်အမှတ် M-5 နှင့် M-6 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကြောင်း ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E & P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် M-5 နှင့် M-6 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများအား JACK-UP Rig, COSL BOSS (Call Sign : 9V5684) ဖြင့် Well Area 1st Well-WP2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၀၉ ဒသမ ၅၉ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၁ ဒသမ ၇ စက္ကန့်၊ 2nd and 3rd Wells-WP1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၂၃ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၆၁ ဒသမ ၁၈ စက္ကန့်တို့တွင် ၂၅.၁၂.၂၀၁၉ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ ၂၅.၁၂.၂၀၁၉ ရက်နေ့မှ ၃၀.၆.၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် တည်နေရာများမှ ငါးမိုင်ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များလျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်၊ ရှမ်း၊ ကယား၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဘာသာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ PPP, Procurement, Project Finance and General Requirement ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က Procurement, Project Finance and General Requirement နှင့်ပတ်သက်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများနစ်နာမှု မရှိစေရန်၊ ဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အများပိုင်ကုမ္ပဏီများကို တရားမျှတသော အကျိုးခံစားမှုရရှိစေရန်နှင့် လုပ်ငန်းများ အဆင့်လိုက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ PPP စနစ် အောင်မြင်လာမည်ဖြစ်ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဝန်ထမ်းများသည် လက်ရှိ PPP စနစ်ကို ဆောင်ရွက်နေကြသူများဖြစ်၍ လုပ်ငန်းများကို အကျိုးရှိထိရောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးညီညီဆွေ က PPP Scheme ဘာသာရပ်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှဖုန်းဇော် က PPP ဘာသာရပ်၊ မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ ဦးငွေးလှိုင်က Feasibility Studies General Requirement ဘာသာရပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးဒေဝ က Procurement ဘာသာရပ်နှင့် မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ခင်သွယ်သွယ်ဦး က Project Finance ဘာသာရပ်တို့ကို ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၄**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး မစ္စတာသောမက်စ်ကာလ်နိုင်ဇင်ကာ အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံ စီးပွားရေးနှင့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စ၊ စက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအကူအညီပေးရေးဆိုင်ရာကိစ္စ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စ၊ ချေးငွေအာမခံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် တိုးမြှင့်ရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မင်းရဲပိုင်ဟိန်းနှင့် ဌာနဆိုင်ရာ အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် BCSMF ဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၄**

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် ဘာလီဒီမိုကရေစီဖိုရမ် (12th Barli Democracy Forum– BDF) ၏ ဆက်စပ်ဆွေးနွေးပွဲဖြစ်သည့် Bali Civil Society and Media Forum (BCSMF) သို့ တက်ရောက်ရန် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)နှင့် အတွင်းရေးမှူး ဦးကျော်စွာမင်းတို့သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။ (အောက်ပုံ)

"Democracy and Inclusivity" နှင့် "Rising Exclusivity and Declining Democracy"ဆောင်ပုဒ်ဖြင့် ကျင်းပသော ထိုဖိုရမ်သို့ အာရှပစိဖိတ်ဒေသတွင်းရှိ နိုင်ငံပေါင်း ၇၈ နိုင်ငံမှ အကြီးအကဲများ၊ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ကြမည်ဖြစ်သည်။

**ဒီမင်း**



# နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကလေးသူငယ်များ၏ အခွင့်အရေး ပိုမိုအကျိုးဖြစ်ထွန်းနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်သူ့လွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး ဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်သည် Unicef Myanmar အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်၊ အဆောင်အမှတ် (I–12) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



တွေ့ဆုံစဉ် ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ၊ အနာဂတ်မျိုးဆက် ကလေးသူငယ်များ အခန်းကဏ္ဍ မြှင့်တင်သွားနိုင်ရေး၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုထိရောက်သော အကူအညီများ ပေးနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီများ ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကလေးသူငယ်များ၏ အခွင့်အရေး ပိုမိုအကျိုးဖြစ်ထွန်းနိုင်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ကိန်းရုပ်ရှင်ပွဲတော်မှ Plame D'or ဆုရ PARIS, TEXAS ရုပ်ရှင်ဇာတ်ကားကို လေ့လာမှုအစီအစဉ်ပြုလုပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၄**

ဒါရိုက်တာ "Win Wenders" ၏ လက်ရာကောင်းတစ်ခု ဖြစ်သော "PARIS, TEXAS" ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ် ၅၀ ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာ လေ့လာမှုအစီအစဉ် ပြုလုပ်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင် ဆွေးနွေးမည်ဖြစ်ပြီး မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၃၁)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် Drama Film အမျိုးအစားဖြစ်ပြီး ဇာတ်လမ်းအကျဉ်းမှာ အဓိကဇာတ်ဆောင် Travis Henderson ဆိုသူသည် သဲကန္တာရထဲတွင် လေးနှစ်ကြာ ဦးတည်ရာမဲ့ သွားလာနေထိုင်ခဲ့ပြီးနောက် ၎င်း၏ မိသားစုနှင့် ပြန်လည်အဆက်အသွယ်ရရှိချိန်တွင် ၎င်းမိသားစု၊ ၎င်းပတ်ဝန်းကျင်နှင့် ခက်ခဲစွာ ပြန်လည်ရင်ဆိုင်ရပုံကို ရိုက်ကူး တင်ဆက်ထားကြောင်း၊ ၎င်းရုပ်ရှင်ဇာတ်ကားသည် ၁၉၈၄ ခုနှစ်တွင် Cannas Film Festival ၌ Palme D'or ဆုရရှိခဲ့ကြောင်း သိရသည်။

**ငြိမ်းကို(FDC)**



# အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသတင်းများ

## ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် မြန်မာနှင့်ထိုင်း ယနေ့ယှဉ်ပြိုင်ကစားမည်

**မနီလာ ဒီဇင်ဘာ ၄**

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၅ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းသည် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် တစ်ချိန်တည်းယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ရီဇယ်လ်အမှတ်တရကွင်း၌ မြန်မာအသင်းနှင့် ထိုင်းအသင်း၊ ဘီနန်ကွင်း၌ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် အိမ်ရှင် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအပြီးတွင် ပထမနေရာရခဲ့သောကြောင့် တစ်ဖက်အုပ်စုမှဒုတိယရလာသည့် ထိုင်းအသင်းနှင့် ကစားရခြင်းဖြစ်သည်။ မြန်မာနှင့် ထိုင်းအသင်းသည် ဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ၂၀၁၃ ခုနှစ်က တွေ့ဆုံပြီးနောက်ပိုင်း တစ်ကျော့ပြန်တွေ့ဆုံခြင်းဖြစ်ပြီး ယခုနောက်ပိုင်းနှစ်များတွင် အဓိကပြိုင်ပွဲများ၌ ထိုင်းအသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်မကောင်းခဲ့သည့် အစဉ်အလာဆိုးကိုလည်း ချေဖျက်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် ဖိလစ်ပိုင်နှင့်ဂိုးမရှိသရေကျပြီး မလေးရှားကို ငါးဂိုးပြတ်အနိုင်ရကာ အုပ်စုပထမရလာခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း နည်းပြချုပ် ဦးဝင်းသူမိုးက "ဗိုလ်လုပွဲတက်ရောက်ဖို့ နှစ်သင်းစလုံးမှာ အခွင့်အရေး ၅၀ ရာခိုင်နှုန်းစီ ရှိပါတယ်။ ထိုင်းလိုအသင်းမျိုးနဲ့ ယှဉ်ပြိုင်ရမှာဖြစ်လို့ ခက်ခဲမှာပါ။ ဒီပွဲအတွက် သေချာပြင်ဆင်ထားပြီး အကောင်းဆုံးယှဉ်ပြိုင်ကစားမှာပါ။ အသင်းသားတွေအားလုံး ဗိုလ်လုပွဲတက်ရောက်နိုင်ဖို့ အကောင်းဆုံးပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့သည်။ **ညီမြတ်သော်တာ**

## ပိုက်ကျော်ခြင်း နှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်း ဆီမီးဖိုင်နယ် တက်ရောက်

**ဆူဘစ် ဒီဇင်ဘာ ၄**

ဆီးဂိမ်းပိုက်ကျော်ခြင်းပြိုင်ပွဲ၏ နှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက ဆူဘစ်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် အုပ်စုသုံးပွဲစလုံးအနိုင်ရပြီး ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုလက်ကျန်ပွဲများတွင် လာအိုနှင့် ဗီယက်နမ်တို့ကို အနိုင်ရကာ အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် လာအိုအသင်းကိုနှစ်ပွဲ-တစ်ပွဲ၊ ဗီယက်နမ်အသင်းကို သုံးပွဲ-ပွဲမရှိတို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အသင်းလိုက်ပြိုင်ပွဲဖြစ်သောကြောင့် သုံးသင်းခွဲ၍ ပွဲစဉ်သုံးခု ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဒီဇင်ဘာ ၂ ရက်က ကျင်းပသည့် အုပ်စုပထမနေ့တွင် ကမ္ဘောဒီးယားအသင်းကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရထားသည်။ အုပ်စုပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ပြီး အုပ်စု (က) တွင် မြန်မာအသင်းက ပထမ၊ ဗီယက်နမ်အသင်းက ဒုတိယ၊ အုပ်စု (ခ) တွင် အင်ဒိုနီးရှားအသင်းက ပထမ၊ ဖိလစ်ပိုင်အသင်းက ဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲတွင် မြန်မာအသင်းနှင့် အိမ်ရှင်ဖိလစ်ပိုင်၊ အင်ဒိုနီးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒီဇင်ဘာ ၅ ရက် (**ယနေ့**) နံနက်ပိုင်းတွင်လည်းကောင်း၊ ဗိုလ်လုပွဲကို ညနေပိုင်းတွင်လည်းကောင်း ဆက်လက်ကျင်းပမည်ဖြစ်သည်။ ဒီဇင်ဘာ ၃ ရက်တွင် မုန်တိုင်းကြောင့် ပွဲစဉ်အချို့ ရွှေ့ဆိုင်းခဲ့သောကြောင့် ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို တစ်ရက်တည်း ကစားရခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

### အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၄-၁၂-၂၀၁၉

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဖိလစ်ပိုင် | ၅၆ | ၄၁ | ၂၅ | ၁၂၂ |
| ဗီယက်နမ် | ၂၇ | ၃၂ | ၃၆ | ၉၅ |
| မလေးရှား | ၂၀ | ၁၂ | ၂၄ | ၅၆ |
| စင်ကာပူ | ၁၈ | ၁၂ | ၂၂ | ၅၂ |
| အင်ဒိုနီးရှား | ၁၇ | ၂၇ | ၃၂ | ၇၆ |
| ထိုင်း | ၁၃ | ၁၅ | ၂၅ | ၅၃ |
| မြန်မာ | ၁ | ၆ | ၂၀ | ၂၈ |
| ဘရူနိုင်းဒါရူဆလမ် | ၁ | ၅ | ၅ | ၁၁ |
| ကမ္ဘောဒီးယား | ၁ | ၃ | ၁၇ | ၂၁ |
| လာအို | ၀ | ၂ | ၈ | ၁၀ |
| တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

## အလေးမပြိုင်ပွဲ နောက်ဆုံးနေ့ ဆက်လက်ကျင်းပ

**မနီလာ ဒီဇင်ဘာ ၄**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပလျက်ရှိသည့် ဆီးဂိမ်းအလေးမပြိုင်ပွဲ နောက်ဆုံးနေ့ကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်ခဲ့ပြီး မြန်မာကစားသမားနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့တွင် ၇၁ ကီလိုတန်း အမျိုးသမီးပြိုင်ပွဲနှင့် ၇၃ ကီလိုတန်း အမျိုးသားပြိုင်ပွဲတို့ ကျင်းပခဲ့ပြီး မြန်မာကစားသမားနှစ်ဦးစလုံး ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ ၇၁ ကီလိုတန်း အမျိုးသမီးပြိုင်ပွဲတွင် မြန်မာမှ ဇင်မာအေး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အဆင့် (၅) နေရာသာရခဲ့ပြီး ဖိလစ်ပိုင်က ရွှေတံဆိပ်၊ ဗီယက်နမ်က ငွေတံဆိပ်၊ အင်ဒိုနီးရှားက ကြေးတံဆိပ်ရရှိခဲ့သည်။ ၇၃ ကီလို အမျိုးသားပြိုင်ပွဲတွင် မြန်မာကစားသမား ကျော်မိုးဝင်းသည် အဆင့် (၄) နေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး အင်ဒိုနီးရှားက ရွှေတံဆိပ်၊ ဗီယက်နမ်က ငွေတံဆိပ်၊ မလေးရှားက ကြေးတံဆိပ်ရရှိခဲ့သည်။ အလေးမပြိုင်ပွဲပြီးဆုံးသွားပြီဖြစ်ပြီး မြန်မာအလေးမအဖွဲ့သည် ငွေတံဆိပ်တစ်ခုသာရခဲ့ကာ ပြည့်ပြည့်ဖြိုးက ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**




မြန်မာအလေးမကစားသမား ကျော်မိုးဝင်း ယှဉ်ပြိုင်နေစဉ်။
ဓာတ်ပုံ-စိုးညွှန့် (ခေတ္တမနီလာ)

## မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်း ဆီမီးဖိုင်နယ် တက်ရောက်

**မနီလာ ဒီဇင်ဘာ ၄**

ဆီးဂိမ်းအမျိုးသား ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းမှစ၍ မနီလာမြို့ရှိ Philsports Arena ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်း နိုင်ပွဲရယူပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

မြန်မာအသင်းသည် စင်ကာပူအသင်းနှင့် အဖွင့်ပွဲတွေ့ဆုံခဲ့ပြီး သုံးပွဲပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် စင်ကာပူကို ၂၆-၂၄ မှတ်၊ ၂၅-၂၀ မှတ်၊ ၂၅-၁၈ မှတ်ဖြင့် သုံးပွဲပြတ် အနိုင်ရခဲ့ခြင်းဖြစ်ပြီး လက်ရည်မကွာသော်လည်း သုံးပွဲပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကာ ၂၆-၂၄ မှတ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တွင် လက်ရည်ပိုကောင်းလာကာ အနိုင်ရခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် အဓိက ကစားသမား အောင်သူကို နေရာစုံကစားကာ အမှတ်များရယူစေခဲ့သော်လည်း တတိယပွဲငယ်တွင် ခြေချင်းဝတ်ဒဏ်ရာရခဲ့သောကြောင့် များစွာနစ်နာခဲ့ရသည်။ အောင်သူသည် လက်ရှိ လက်ရွေးစင်ကစားသမားများတွင် အတွေ့အကြုံအရှိဆုံး ကစားသမားဖြစ်သလို ပြည်ပကလပ်များတွင်လည်း သွားရောက်ကစားနေသူဖြစ်သည်။

မြန်မာအသင်းသည် ပါဝင်သည့် အုပ်စု (က) တွင် သုံးသင်းသာပါဝင်သောကြောင့် ထိုင်းနှင့် မြန်မာအသင်းသည် တစ်ပွဲကစား တစ်ပွဲအနိုင်ရကာ ဆီမီးဖိုင်နယ်တက်ရောက်သွားပြီး နှစ်ပွဲစလုံးရှုံးခဲ့သည့် စင်ကာပူအသင်းမှာမူ အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းသည် ဒီဇင်ဘာ ၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စု (ခ) တွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေပြီး အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်အသင်းသည် နှစ်ပွဲစီအနိုင်ယူပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွှန့် (ခေတ္တ-မနီလာ)**




မြန်မာနှင့် စင်ကာပူအသင်း ယှဉ်ပြိုင်နေစဉ်။

## ဂျူဒို ခတပြိုင်ပွဲတွင် မြန်မာအသင်း ကြေးတံဆိပ်တစ်ခုရရှိ

**ကလာ့ခ် ဒီဇင်ဘာ ၄**

ဆီးဂိမ်း ဂျူဒိုပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းမှစ၍ ကလာ့ခ်မြို့၌ စတင်ကျင်းပရာ မြန်မာဂျူဒိုအဖွဲ့က ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲပထမနေ့တွင် ခတ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများ ကျင်းပခဲ့ပြီး မြန်မာအသင်းသည် အမျိုးသားပြိုင်ပွဲ၌သာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှ ချစ်မင်းမင်းကိုနှင့် မိုင်းစံအတွဲမှာ ၃၉၉.၅ မှတ်ဖြင့် ကြေးတံဆိပ်ရခဲ့ပြီး ထိုင်းအတွဲက အမှတ် ၄၁၀ ဖြင့် ရွှေတံဆိပ်၊ လာအိုအတွဲက အမှတ် ၄၀၀ ဖြင့် ငွေတံဆိပ်ရရှိခဲ့သည်။ မြန်မာဂျူဒိုအဖွဲ့သည် ဝိတ်တန်း အလိုက် တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲတို့တွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အတွင်းရေးမှူးနှင့်အဖွဲ့ ကျားဖောင်လုပ်ငန်းများရှိသည့် ကျေးရွာများသို့ကွင်းဆင်းလေ့လာစုံစမ်း

အမာ ဒီဇင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ် ခါးပြတ်ကျေးရွာနှင့် နောက်မီးကျေးရွာတို့သို့ ယမန်နေ့က မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်အတွင်းရေးမှူး ဦးဘုန်းကြွယ်၊ အဖွဲ့ဝင် ဒေါက်တာ မြင့်ကြည်၊ ဦးယုလွင်အောင်၊ ညွှန်ကြားရေးမှူး ဦးသူရအောင်၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး၊ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး၊ ခရိုင်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့က ကွင်းဆင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။(ယာပုံ)



### လေ့လာစုံစမ်း

ပူးပေါင်းအဖွဲ့သည် ခါးပြတ်ကျေးရွာသို့ နံနက်ပိုင်းတွင်ရောက်ရှိပြီး ညှဉ်းပန်း နှိပ်စက်ခံရသူ တက္ကသိုလ်ကျောင်းသား ကိုမြတ်သူထွန်း အလုပ်လုပ်ခဲ့သည့် ပင်လယ်ငါးဖမ်းအလုပ်ရုံသို့သွားရောက်လေ့လာ စုံစမ်းခဲ့သည်။ ယင်းနောက် ခါးပြတ်ကျေးရွာ၌ ရေလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းသဘောတရားများ၊ အခက်အခဲများကို တစ်ဦးချင်း မေးမြန်း စုံစမ်းခဲ့သည်။

### သတင်းထုတ်ပြန်ပေးမည်

ထို့နောက် ကျားဖောင်ဦးစီးများနှင့် တွေ့ဆုံ၍ လုပ်ငန်း၏သဘာဝနှင့် ဖြစ်ရပ်မှန်များကို မေးမြန်းစုံစမ်းခဲ့ပြီး နံနက်ပိုင်း တွေ့ဆုံမေးမြန်းမှုအပြီးတွင် ကော်မရှင်အတွင်းရေးမှူးက သတင်းသမားများနှင့် တွေ့ဆုံရာ စုံစမ်းလေ့လာရသမျှ အချက်အလက်များကို နောက်အပတ်ထဲတွင် သတင်းထုတ်ပြန်ပေးမည် ဖြစ်ကြောင်း၊ ဖျာပုံမြို့နယ် ခါးပြတ်ကျေးရွာသို့ လာရသည်မှာ မကြာခင်က ကျားဖောင် လုပ်သားများနှင့် ပတ်သက်၍ နှိပ်စက်ညှဉ်းပန်းခံရသည့် ပြဿနာ၊ လူ့အခွင့်အရေးအရ မည်သို့ ချိုးဖောက်ခံရသည်၊ အနစ်နာခံရသည်တို့ကို စုံစမ်း အဖြေရှာရန် ဖြစ်လာကြောင်း၊ လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ (၂၈)အရလည်း လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုသည် ကျယ်ပြန့်လာမည့် အခြေအနေ၊ စနစ်တစ်ရပ်အဖြစ် ကူးပြောင်းလာမည့် အခြေအနေသို့ ဦးတည်နေသည်ဆိုလျှင် ကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးရန် ဖြစ်လာကြောင်း၊ ယခု ခါးပြတ်ကျေးရွာမှ ရေလုပ်သားများ၏ လက်ရှိအခြေအနေကို မြေပြင်တွင် ကြည့်ရှုခဲ့ကြောင်း၊ အလွှာသုံးလွှာလုံးကို တွေ့ပြီး လေ့လာ စုံစမ်းမှုများပြုလုပ်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ကျောင်းသား ကိုမြတ်သူရထွန်း ကို အခြေခံသော်လည်း ကျားဖောင်လုပ်ငန်းများတွင် ရေလုပ်သားများ လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပေါ်နေသည်ဆိုသည့်အတွက် ကျားဖောင်လုပ်ငန်းရှိသည့် နောက်မီးကျေးရွာသို့လည်း သွားမည်ဖြစ်ကြောင်း၊ နောက်တစ်နေ့တွင် ကုလာထိပ်ကျေးရွာ၊ ဓမင်းဆိပ်ကျေးရွာများအထိ သွားရောက်ပြီး လေ့လာစုံစမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

### ဖောင်ဦးစီးများနှင့် တွေ့ဆုံ

ထို့နောက် နေ့လယ်ပိုင်းတွင် နောက်မီးကျေးရွာသို့ သွားရောက်ပြီး ရေလုပ်ငန်းရှင်များအသင်းရုံး၌ ရေလုပ်ငန်းရှင်များ၊ ဖောင်ဦးစီးများနှင့် တွေ့ဆုံ၍ လေ့လာစုံစမ်းမှုများ ပြုလုပ်ခဲ့သည်။ ရေလုပ်ငန်းရှင် ဦးမြင့်အောင်က ယခင်က ယခုလို အဖြစ်မျိုးမကြားဖူးခဲ့ကြောင်း၊ မိမိကိုယ်တိုင် အောက်ခြေရေလုပ်သားဘဝမှ ဖောင်ဦးစီး၊ ဦးစီးချုပ်အဖြစ် အဆင့်ဆင့်လုပ်ကိုင်လာခဲ့ပြီး ရေလုပ်ငန်းရှင် ဖြစ်လာခဲ့ကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ အနယ်နယ် အရပ်ရပ်မှ ရေလုပ်သားငှားရမ်း အသုံးပြုရခြင်းကြောင့် ဖြစ်နိုင်ကြောင်း၊ ရေလုပ်ငန်းရှင်များကလည်း ပင်လယ် ကျားဖောင်လုပ်ငန်းနှင့် ပတ်သက်ပြီး မျှတသည့် အလုပ်ရှင်၊ အလုပ်သမားဥပဒေတစ်ရပ် ဖြစ်ပေါ်လာလျှင် နောက်ပိုင်း ယခုလိုကိစ္စရပ်မျိုး ဖြစ်ပေါ်လာမည် မဟုတ်ဟု ယူဆကြောင်း ပြောသည်။

တွေ့ဆုံမှုအပြီးတွင် စုပေါင်းအဖွဲ့က ဦးမြင့်အောင်၏ ပင်လယ်ကျားဖောင်လုပ်ငန်းခွင်ကို သွားရောက် လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ဝင်းမြင့်အောင်(ပြန်/ဆက်)

# ဒလမြို့နယ်တွင် လုပ်အားခခေါင်းပုံဖြတ်ယူထားသူအား အမှုဖွင့်အရေးယူ

ဒလ ဒီဇင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် လုပ်အားခခေါင်းပုံဖြတ်ယူထားသူအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဒုရဲအုပ် သက်ထွန်းအောင်သည် ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး အမှတ် ၆ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုတွင် တာဝန်ထမ်းဆောင်နေစဉ် ဖျာပုံဘက်ရှိ ငါးဖောင်တွင် အလုပ်လုပ်ခဲ့ပြီး နေရပ်သို့ပြန်လည်ရောက်ရှိလာသူ တိုက်ကြီးမြို့နေ နေသူရဦးနှင့် မိခင်ဖြစ်သူ ဒေါ်သက်သက်ခိုင်တို့ ရောက်ရှိလာပြီး နေသူရဦးမှာ ယခုနှစ် စက်တင်ဘာလအတွင်းက တစ်လမ်းတည်းနေ သူငယ်ချင်း အောင်ကိုကိုနှင့် အလုပ်ရှာရန် ဒလမြို့သို့သွားရောက်ခဲ့ကြောင်း၊ ဒလမြို့နယ်တွင် အောင်ကိုကို၏ အစ်ကိုဝမ်းကွဲတော်စပ်သူ ချစ်အောင်(ခ) ရဲထက်၏ နေအိမ်တွင် နေထိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် စက်တင်ဘာ ၁၉ ရက်တွင် ကမာကဆစ်ရပ်ကွက်နေ မဝတုတ်ဆိုသူက ဖျာပုံမြို့ရှိ ရေလုပ်ငန်းသို့ အလုပ်သမားများ ပို့ဆောင်ပေးနေသည်ဟု သိရသဖြင့် မဝတုတ်၏နေအိမ်သို့ သွားရောက်ခဲ့ကြကြောင်း၊ မဝတုတ်က အဆိုပါငါးဖမ်းဖောင်တွင် အလုပ်လုပ်ပါက တစ်လလျှင် ငွေကျပ် ၁၈၀၀၀၀ ရမည်ဖြစ်ပြီး ကြိုတင်ငွေကျပ် ၇၀၀၀၀၀ ထုတ်ယူ၍ရကြောင်း၊ အလုပ်လုပ်မည်ဆိုပါက ပွဲစားခအဖြစ် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီပေးရမည်ဖြစ်ပြီး လမ်းခရီးကုန်ကျစရိတ်များလည်း ကျခံပေးရမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၃ နာရီခန့်တွင် ဖျာပုံမြို့သို့ မဝတုတ်နှင့်အတူ သွားရောက်ခဲ့ကြောင်း၊ နေသူရဦးနှင့် အောင်ကိုကိုတို့၏ ကြိုတင်ငွေများအား ထုတ်ယူရန် ချစ်အောင်(ခ)ရဲထက်အား အတူခေါ်ဆောင်ခဲ့ကြောင်း၊ ဖျာပုံမြို့ ရွှေလှေကျင်းကျေးရွာသို့ ည ၉ နာရီတွင်ရောက်ရှိခဲ့ပြီး ရဲဇာနိုင်ရေစင်၌ တစ်ညအိပ်ခဲ့ကြောင်း၊ စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် မဝတုတ်က စာရွက်တစ်ရွက်ပေါ်တွင် လက်မှတ်ထိုး လက်ဗွေနှိပ်ခိုင်းကာ ပင်လယ်ငါးဖမ်းဖောင်သို့ နေသူရဦးနှင့် အောင်ကိုကိုတို့အား တစ်နေရာစီသို့ လူခွဲပို့ခဲ့ကြောင်း၊ နေသူရဦးမှာ အဖိုးကြီးဆိုသူ၏ ငါးဖမ်းဖောင်တွင် ငါး/ပုစွန်ရွေးခြင်း၊ ပိုက်တင်/ချ အလုပ်များအား နှစ်လကျော်လုပ်ကိုင်ခဲ့ရကြောင်း၊ အောင်ကိုကိုမှာ မည်သည့်ငါးဖမ်းဖောင်တွင် အလုပ်လုပ်သည်ကို မသိရကြောင်း၊ ထို့အပြင် မဝတုတ်က နေသူရဦး၏ ကြိုတင်လစာငွေ ကျပ်ခုနစ်သိန်းကို အတူလိုက်ပါလာသူ ချစ်အောင်အား ပေးခြင်းမရှိဘဲ နေသူရဦးနှင့် အောင်ကိုကိုတို့၏ မိဘများထံ သွားရောက်ပေးမည်ဟု ပြောဆိုယူသွားခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ငါးဖမ်းဖောင်တွင်အလုပ်လုပ်ရန် စည်းရုံးပြောဆိုကာ ကြိုတင်ငွေများ ထုတ်ယူသွားသူ၊ လုပ်အားခခေါင်းပုံဖြတ်ယူသူ မဝတုတ်အား အရေးယူပေးပါရန် တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မဝတုတ်(ခ) မယဉ်သန်း(ခ) မအေးအား ဒလမြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားပြီး တရားစွဲဆိုတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ယဉ်ဦး(ဒလ)

## မှုခင်းအသိပညာပေး

### ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် အထက(၁)၌ ဒီဇင်ဘာ ၁ ရက်က မြောက်ဥက္ကလာပ မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မင်းခိုင်က ကျောင်းသားကျောင်းသူများအား မူးယစ်အန္တရာယ် အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

၀၀၇

### ကော့မှူး

ကော့မှူးမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းလှိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ဒီဇင်ဘာ ၄ ရက်က ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် အထက(ကော့မှူး)ရှေ့၌ ကျောင်းအုပ်ဆရာကြီး ဦးစောမောင်မောင်ဦး၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်၊ လမ်းအန္တရာယ်နှင့် မှုခင်းဆိုင်ရာ အသိပညာပေးခြင်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# ကလေးအလုပ်သမား ဟူသည်အဘယ်နည်း။



ဘေးအန္တရာယ်ကျရောက်နေသော ကလေးအလုပ်သမားသည် ဘေးအန္တရာယ်ရှိသော(သို့) ကျန်းမာရေးနှင့် မညီညွတ်သော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရ၍ အသက်အန္တရာယ်ထိခိုက်စေနိုင်ခြင်း (သို့မဟုတ်) အနာတရဖြစ်စေနိုင်သည်။ လုံခြုံမှု အားနည်းခြင်း၊ ကျန်းမာရေးအဆင့် နိမ့်ကျခြင်းနှင့် လုပ်ငန်းအစီအမံများ၏ အကျိုးဆက်ကြောင့်ဖျားနာခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် ကျန်းမာရေး ချို့တဲ့မှုကြောင့် အမြဲတမ်းမသန်စွမ်းအဖြစ်သို့ ရောက်ရှိနိုင်သည်။ ကလေးအလုပ်သမားဘဝတွင် ရံဖန်ရံခါရရှိခံစားခဲ့ရသော ကျန်းမာရေးပြဿနာများကြောင့်၎င်းကလေးအရွယ်ရောက်သည့်တိုင်အောင် ဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်ပါ။



ILO ပြဋ္ဌာန်းချက် အမှတ် ၁၈၂ သည် နိုင်ငံတော်အစိုးရအနေဖြင့် အခြားပါဝင်ပတ်သက်သူများ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး အသက် (၁၈)နှစ်အောက်ကလေးသူငယ်အားလုံးအတွက် တားမြစ်ထားသည့် ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်စာရင်းကို ပြုစုထုတ်ဝေပေးရန်လိုပြီး အိုင်အယ်(လ်)အို အကြံပြုတိုက်တွန်းချက်အမှတ် (၁၉၀)တွင် အောက်ပါလုပ်ငန်းများကို ထည့်သွင်းရန် အကြံပြုထားပါသည်။

(၁) ကလေးသူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ(သို့) လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုအတွက် အကာအကွယ်မဲ့စေမည့် အလုပ်အကိုင်

(၂) မြေအောက်၊ ရေအောက်နှင့် အန္တရာယ်ရှိသော မြင့်မားသည့်နေရာများ (သို့)ပိတ်လှောင်ထားသောနေရာများ

(၃) အန္တရာယ်ရှိသော စက်ယန္တရား၊ ကိရိယာတန်ဆာပလာများနှင့်(သို့) လူအားဖြင့် တင်ချသယ်ယူပို့ဆောင်ရသော လေးလံသည့်ဝန်စည်များ ပါဝင်သည့်လုပ်ငန်း

(၄) ကျန်းမာရေးနှင့် မညီညွတ်သည့်နေရာများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်များ ဥပမာ – ကလေးသူငယ်များ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော တုန်ခါမှုများ၊ မြင့်မားသော အပူချိန်နှင့် ဆူညံသံများ(သို့) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အရာဝတ္ထုပစ္စည်းများ၊ ကြားခံအရာဝတ္ထုပစ္စည်းများ (သို့) လုပ်ငန်းအဆင့်ဆင့်

(၅) အချိန်ကြာမြင့်စွာလုပ်ကိုင်ရခြင်း (သို့) ညဥ့်ကာလအတွင်း လုပ်ကိုင်ရခြင်း (သို့) အလုပ်ရှင်၏ အဆောက်အအုံဥပစာအတွင်း ကလေးသူငယ်များအား ကြောင်းကျိုးမဆီလျော်သော ချုပ်နှောင်ခိုင်းစေခြင်း စသည့်အထူးခက်ခဲသည့် အခြေအနေများတွင် လုပ်ကိုင်ရသည့်အလုပ်များ

### အဓိပ္ပာယ်ဖွင့်ဆိုချက်

ကလေးသူငယ်များ လုပ်ကိုင်သမျှ အလုပ်အားလုံးကို ကလေးအလုပ်သမားဟု အတန်းစား မသတ်မှတ်သင့်ပါ။ ILO ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကလေးအလုပ်သမားဟူသည် ၎င်း၏ ကလေးဘဝ၊ ရှေ့အလားအလာနှင့် ဂုဏ်သိက္ခာတို့ကို ကင်းမဲ့စေပြီး ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေသည့် အလုပ်မျိုးကို လုပ်ကိုင်နေရသူများကိုဆိုသည်။ ထိုအလုပ်မျိုးသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စာရိတ္တပိုင်းဆိုင်ရာကို ထိခိုက်နစ်နာစေသည့်အလုပ်မျိုး သို့မဟုတ် ၎င်းတို့၏ ပညာသင်ကြားရေးကို ထိခိုက်စေမည့် –



- ကျောင်းတက်ရန် အခွင့်အလမ်း ရွေးချယ်နိုင်မှု မရှိခြင်း
- အချိန်မတန်မီ ကျောင်းမှ မဖြစ်မနေ ထွက်ရခြင်း
- ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်လေးလံသော အလုပ်ကို အကြောင်းကြောင်းကြောင့် အချိန်ကြာမြင့်စွာ လုပ်ကိုင်ရခြင်းတို့ ဖြစ်ပါသည်။

# အရေးပေါ်ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံကို ကုလသမဂ္ဂ တောင်းခံ

**ဂျီနီဗာ ဒီဇင်ဘာ ၄**

ရာသီဥတုပြောင်းလဲမှုနှင့် ပိုမိုများပြားလာသည့် ပဋိပက္ခဖြစ်ပွားမှုများကြောင့် ပြည်သူသန်းပေါင်းများစွာတို့ အရေးပေါ် အကူအညီများ လိုအပ်လျက်ရှိရာ ကုလသမဂ္ဂသည် ဒီဇင်ဘာ ၄ ရက်တွင် အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်ရန်ပုံငွေအဖြစ် တောင်းခံလိုက်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း၌ ခန့်မှန်းခြေပြည်သူ ၁၆၈ သန်းခန့်တို့သည် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် အစားအသောက်၊ အမိုးအကာနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အပါအဝင် လူသားချင်း စာနာထောက်ထားမှု အကူအညီအထောက်အပံ့ မျိုးစုံကို အရေးပေါ်လိုအပ်လာနိုင်သောကြောင့် ကမ္ဘာ့အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ယေဘုယျလေ့လာမှုအဖွဲ့က ခန့်မှန်းတွက်ချက်ခဲ့သည်။

အဆိုပါ ကိန်းဂဏန်းသည် ခေတ်သစ် စံချိန်တစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ကုလသမဂ္ဂ အရေးပေါ်ကယ်ဆယ်ရေး ပူးပေါင်းဆောင်ရွက်သူ မာ့ခ်လိုကော့က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ပဋိပက္ခဖြစ်ပွားမှုများ လျော့ပါးမသွားသည့်အပြင် ပိုမိုအရှိန်အဟုန်ပြင်းထန်လာလျက်ရှိနေသည့်အတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အကူအညီများ လိုအပ်မှုမှာလည်း ဆက်လက်တိုးပွားလာဦးမည်သာဖြစ်ကြောင်း လိုကော့က ပြောသည်။

ပြင်းထန်သည့် ရာသီဥတုဖြစ်စဉ်များ၊ မိုးခေါင်ရေရှားမှုနှင့် ရေလွှမ်းမိုးမှု အခြေအနေများကလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ် အခြေအနေများကို ဖန်တီးနေသည်ဖြစ်ရာ မရှောင်လွဲနိုင်သည့် အမှန်တရားတစ်ခုမှာ လာမည့် ၂၀၂၀ ပြည့်နှစ်သည် ပြည်သူသန်းပေါင်းများစွာအတွက် ခက်ခဲသည့်နှစ်တစ်နှစ်ဖြစ်လာမည် ဆိုသည့်အချက်ပင်ဖြစ်ကြောင်း ၎င်းကပြောသည်။

သို့ဖြစ်ရာ ကုလသမဂ္ဂအဖွဲ့ကြီး၏ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၈ ဘီလီယံ လူသားချင်းစာနာထောက်ထားမှု အကူအညီများလိုအပ်လာမည့် ပြည်သူ ၁၆၈ သန်းတို့အနက် အရေးပေါ်အကူအညီ အလိုအပ်ဆုံးဖြစ်လာမည့် ပြည်သူ ၁၀၉ သန်းအတွက် ရည်ရွယ်လျက် ရန်ပုံငွေ တောင်းခံခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



သောက်သုံးရေပေးဝေမှုကို လက်ခံယူနေကြသည့် ကလေးငယ်များကို တွေ့ရစဉ်။

# ပိတ်ဆို့မှုများ ဖယ်ရှားပေးပါက နျူကလီးယားအရေးဆွေးနွေးရန် အသင့်ရှိကြောင်း အီရန်သမ္မတပြော

**တီဟီရန် ဒီဇင်ဘာ ၄**

အမေရိကန်ပြည်ထောင်စုက ပထမဆုံးအနေဖြင့် အီရန်နိုင်ငံအပေါ် ချမှတ်ထားသော ဒဏ်ခတ်ပိတ်ဆို့မှုများကို ဖယ်ရှားပေးမည်ဆိုပါက နျူကလီးယားဆွေးနွေးမှုများတွင် အီရန်နိုင်ငံအနေဖြင့် အဆင်သင့်ဖြစ်နေမည်ဖြစ်ကြောင်း သမ္မတ ဟက်ဆန်ရိုဟာနီက ဒီဇင်ဘာ ၄ ရက်တွင် ပြောကြားလိုက်သည်။



အီရန်သမ္မတဟက်ဆန် ရိုဟာနီ

အမေရိကန်က ဒဏ်ခတ်ပိတ်ဆို့မှုများကို ဖယ်ရှားပေးမည်ဆိုပါက မိမိတို့အနေဖြင့် ဆွေးနွေးညှိနှိုင်းသွားရန် အဆင်သင့်ဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြား မိန့်ခွန်းတစ်ခုတွင် ပြောကြားခဲ့သည်။

၂၀၁၅ နျူကလီးယားသဘောတူညီချက်ရရှိခဲ့သောနိုင်ငံများအပါအဝင် အီရန်နိုင်ငံက နျူကလီးယားဆွေးနွေးပွဲစကားဝိုင်းသို့ ပြန်လည်ဝင်ရောက်ရေးအတွက် အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုများ ဖယ်ရှားရေးနှင့် ပတ်သက်ပြီး ရိုဟာနီက ဆန္ဒရှိခဲ့သည်မှာ ကြာပြီဖြစ်သည်။

မိမိတို့မှာ ဒဏ်ခတ်ပိတ်ဆို့မှုများအောက်တွင် ရောက်နေကြောင်း၊ ၎င်းဒီအခြေအနေသည် အစ္စရေးနှင့်ဆော်ဒီအာရေဗျတို့၏ ပယောဂ မကင်းကြောင်း၊ ယခုလို ပိတ်ဆို့မှုများသည် အိမ်ဖြူတော်၏ ရက်စက်သည့် လုပ်ရပ်တစ်ခုဖြစ်ကြောင်းနှင့် မိမိတို့တွင် ရွေးချယ်စရာမရှိကြောင်း၊ သို့သော်လည်း အတတ်နိုင်ဆုံး ခုခံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရိုဟာနီက ပြောသည်။

တစ်ချိန်တည်းမှာပင် မိမိတို့သည် အမေရိကန်နှင့် ဆွေးနွေးညှိနှိုင်းမှုများကိုလည်း တံခါးဖွင့်ထားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ၂၀၁၅ အီရန်နျူကလီးယားသဘောတူညီချက်သည် အီရန်နိုင်ငံအား စီးပွားရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများမှ သက်သာစေမည်ဖြစ်ပြီး အပြန်အလှန်အနေဖြင့် အီရန်နိုင်ငံက ၎င်း၏ နျူကလီးယားအစီအစဉ်ကို လျှော့ချဖြတ်တောက်ရမည်ဖြစ်သည်။

**အေအက်ဖ်ပီ**

# ဖိလစ်ပိုင်၌ တိုင်ဖွန်းမုန်တိုင်းကမ်မူရီကြောင့် သေဆုံးသူ အရေအတွက်မြင့်တက်

**မနီလာ ဒီဇင်ဘာ ၄**

ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇင်ဘာ ၂ ရက်က စတင်ဝင်ရောက်လာသည့် တိုင်ဖွန်းမုန်တိုင်းကမ်မူရီကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်ခဲ့ပြီး သေဆုံးသူများရှိခဲ့ရာ သေဆုံးသူ အရေအတွက်မှာ ယခုအခါ ၁၁ ဦးအထိ ရှိလာခဲ့ကြောင်း ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၄ ရက်တွင် ပြောကြားခဲ့သည်။

မုန်တိုင်းဝင်ရောက်ရာ လမ်းကြောင်းတစ်လျှောက်ဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းတောင်ပိုင်း ပြည်နယ်များနှင့် နိုင်ငံအလယ်ပိုင်း ဆာမာပြည်နယ်တို့တွင် အပျက်အစီးများစွာဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း ကမ်မူရီသည် အားကောင်းသည့် မုတ်သုံမုန်တိုင်းအဖြစ်ရှိခဲ့ရာမှ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် အားပျော့လာပြီဖြစ်ကြောင်း ဖိလစ်ပိုင် မိုးလေဝသဗျူရိုက ဖော်ပြသည်။

ယခုအခါ မုန်တိုင်းသည် တောင်တရုတ်ပင်လယ်ကို ဦးတည်၍ လေတိုက်နှုန်း တစ်နာရီလျှင် ၂၀ ကီလိုမီတာဖြင့် အနောက်မြောက်ဘက်အရပ်ဆီသို့ ရွေ့လျားလျက်ရှိကြောင်း သိရသည်။ တိုင်ဖွန်းမုန်တိုင်းကြောင့် သေဆုံးသူအရေအတွက် ၁၁ ဦးအထိရှိလာခဲ့ပြီး ၎င်းတို့အနက် ကာမာရီနက်စ် ဆာပြည်နယ်မှ သုံးဦး၊ ဆော်ဆိုဂွန်ပြည်နယ်မှ နှစ်ဦး၊ အရှေ့မင်ဒိုရိုပြည်နယ်မှ လေးဦး၊ မာရင်ဂျူတ်ပြည်နယ်မှတစ်ဦးနှင့် လီတီပြည်နယ်မှ တစ်ဦးပါဝင်ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။

**ဆင်ဟွာ**

# ဂျလာလာဘတ်တွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အာဖဂန်ငါးဦးသေဆုံးပြီး ဂျပန်ဆရာဝန်တစ်ဦး ထပ်မံသေဆုံး

**ဂျလာလာဘတ် ဒီဇင်ဘာ ၄**

နန်ဂါဟာပြည်နယ် အရှေ့ပိုင်း ဂျလာလာဘတ်မြို့တွင် ဒီဇင်ဘာ ၄ ရက်က တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ အဆိုပါ တိုက်ခိုက်မှုတွင် အာဖဂန်ငါးဦးသေဆုံးပြီး ဂျပန်ဆရာဝန်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက အစောပိုင်းက ပြောကြားခဲ့သော်လည်း နောက်ပိုင်းတွင် ဂျပန်ဆရာဝန်မှာရရှိသည့် ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ကဘူးလ်ဗုံးပေါက်ကွဲမှုတွင် ကုလသမဂ္ဂအတွက် တာဝန်ထမ်းဆောင်လျက်ရှိသော အမေရိကန် ကျန်းမာရေးဝန်ထမ်းတစ်ဦး သေဆုံးပြီးနောက် လူသားချင်းစာနာထောက်ထားမှုအဖွဲ့များကို သတိဖြင့် နေထိုင်ရန် သတိပေးချက်များ ထုတ်ပြန်ထားသည့်ကာလတွင် ယခုလို ဂျလာလာဘတ်တိုက်ခိုက်မှု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ဂျလာလာဘတ် တိုက်ခိုက်မှုတွင် ငြိမ်းချမ်းရေးဆိုင်ရာ ဂျပန်ဆေးဘက်အဖွဲ့ကိုဦးဆောင်လာသည့် တက်ဆုနာကာမူရာကို သေနတ်သမားများက ဦးတည်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။



ဒေါက်တာ တက်ဆုနာကာမူရာအား ၎င်းတာဝန်ထမ်းဆောင်ခဲ့သည့် အာဖဂန်နစ္စတန်၌ လူနာများနှင့်အတူ တွေ့ရစဉ်။

ဒေါက်တာ နာကာမူရာ ဒဏ်ရာ ရရှိခဲ့ပြီး ၎င်း၏လုံခြုံရေးအစောင့်သုံးဦး၊ ကားဆရာနှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦး သေဆုံးခဲ့ကြောင်း နန်ဂါဟာအုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ အတူလာခိုဂျာနီက ပြောသည်။

နာကာမူရာသည် ၎င်း၏ ဆေးဘက်ဆိုင်ရာ ကူညီမှုများကြောင့် လွန်ခဲ့သည့်ဆယ်စုနှစ်များကတည်းက နာမည်ကြီးခဲ့သည်။

နာကာမူရာသည် ၁၉၈၄ ခုနှစ်တွင် ပါကစ္စတန် အနောက်မြောက်ပိုင်း ပက်ရှ်ဝါတွင် ဆေးဘက်ဆိုင်ရာ ကူညီမှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် နန်ဂါဟာကျေးရွာတွင် ဆေးပေးခန်းတစ်ခု ဖွင့်လှစ်ပေးခဲ့ကြောင်း ပက်ရှ်ဝါကီဝက်ဆိုက်တွင် ဖော်ပြထားသည်။ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တွင် ဆေးဘက်ဆိုင်ရာ အစီအစဉ်များအတွက် အမြဲတမ်းအခြေစိုက်စခန်းအဖြစ် အဆိုပါဆေးဘက်ဆိုင်ရာ အဖွဲ့သည် ၁၉၉၈ခုနှစ်တွင် ပက်ရှ်ဝါ၌ ဆေးရုံတစ်ရုံ ဖွင့်လှစ်ခဲ့သည်။

ဂျလာလာဘတ်ဒေသခံ အော်ဇူဘီလာက ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ပစ်ခတ်သံများကို ကြားရကြောင်း၊ သေနတ်သမားများက ဂျပန်တစ်ဦးကို တိုက်ခိုက်နေသလို ၎င်း၏ လုံခြုံရေးအဖွဲ့များကိုလည်း တိုက်ခိုက်ခဲ့ပြီး နောက်ပိုင်းတွင် သေနတ်သမားများသည် လမ်းကြားကလေးတစ်ခုသို့ ဝင်ရောက်ပျောက်ကွယ်သွားကြောင်း ပြောခဲ့သည်။

အဆိုပါ ပစ်ခတ်မှုသည် မည်သူ၏ လက်ချက်ဖြစ်ကြောင်း ယခုအချိန်အထိ မသိရသေးချေ။ ဒဏ်ရာရရှိခဲ့သည့် နာကာမူရာကို ဆေးရုံသို့ ပို့ဆောင်နိုင်ခဲ့သော်လည်း သေဆုံးခဲ့ကြောင်း သိရသည်။ အကူအညီပေးရေး အဖွဲ့များနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည် တစ်ခါတစ်ရံတွင် အာဖဂန်စစ်ပွဲ၏ ပစ်မှတ်များ ဖြစ်လာခဲ့သည်။

**အေအက်ဖ်ပီ**

# အမေရိကန်ရဲ့ ဟောင်ကောင်လူ့အခွင့်အရေး ဥပဒေနဲ့နောက်ဆက်တွဲ ဂယက်

ကလျာမိုးမြင့်

ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း ဒီမိုကရေစီလိုလားတဲ့ ဟောင်ကောင်ဆန္ဒပြ ပြည်သူတွေကို ထောက်ခံတဲ့ လူ့အခွင့်အရေးဥပဒေကို အမေရိကန်က လက်မှတ်ရေးထိုးအတည်ပြုလိုက်တာနဲ့ပတ်သက်ပြီး မကျေမချမ်းဖြစ်ခဲ့တဲ့ တရုတ်နိုင်ငံက ဒီကိစ္စကို ပြန်ပြီး တုံ့ပြန်ဆောင်ရွက်ရလိမ့်မယ်လို့ အမေရိကန်ကို သတိပေးခဲ့တာ အားလုံးသိကြတဲ့အတိုင်းဖြစ်ပါတယ်။ဒီကနေ့မှာတော့ အဲဒီတုံ့ပြန်မှုကို စပြီးမြင်တွေ့ရပါပြီ။

## ဘယ်လိုတုံ့ပြန်ပုံမျိုးလဲ

ဟောင်ကောင်လူ့အခွင့်အရေးဥပဒေကို အမေရိကန်လက်မှတ်ရေးထိုးလိုက်ပြီး သိပ်မကြာခင်မှာပဲ အမေရိကန်ရေတပ်ဖွဲ့ရဲ့ သင်္ဘောတွေနဲ့ လေယာဉ်တွေဟောင်ကောင်ဆီ သွားရောက်ခွင့်ကို ရပ်ဆိုင်းလိုက်ပါတယ်။ ဒါ့အပြင် အမေရိကန် လူ့အခွင့်အရေးအဖွဲ့ အမြောက်အမြားကို ပိတ်ပင်မှုတွေပြုလုပ်လိုက်တဲ့အကြောင်းကိုပါ ထုတ်ဖော်ကြေညာလိုက်ပါတယ်။

အမေရိကန်က အတည်ပြုလိုက်တဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီဥပဒေမှာ ဟောင်ကောင်ဟာ အမေရိကန်နဲ့ ကုန်သွယ်ရေးအရ ဦးစားပေးအခွင့်အရေး ရရှိရေးဆုံးဖြတ်နိုင်ဖို့ လုံလောက်တဲ့ အခွင့်အာဏာရှိ မရှိ စစ်ဆေးဖို့ နှစ်စဉ်သုံးသပ်ချက်တစ်ရပ်ပြုလုပ်ဖို့ ညွှန်ကြားထားပါတယ်။

## ထိန်းထိန်းသိမ်းသိမ်းဖြစ်စေလို

လတ်တလောမှာ အမေရိကန်နဲ့ တရုတ်နိုင်ငံအကြားဖြစ်ပွားနေတဲ့ ကုန်သွယ်ရေးစစ်ပွဲအဆုံးသတ်စေမယ့် သဘောတူညီမှုတစ်ရပ် ရရှိရေးအတွက် ကြိုးပမ်းနေချိန်ဖြစ်တဲ့အတွက် ဒီအခြေအနေကို ပိုပြီးခက်ခဲမလာစေအောင် ထိန်းထိန်းသိမ်းသိမ်းနေလိုတဲ့ သမ္မတထရမ့်ဟာ ဟောင်ကောင်လူ့အခွင့်အရေး ဥပဒေကို လက်မှတ်ရေးထိုးဖို့ တွန့်ဆုတ်နေခဲ့ပေမယ့်လည်း ကွန်ဂရက်လွှတ်တော်က ဖိအားတွေပေးလာတဲ့အတွက် နောက်ဆုံးမှာတော့ ဥပဒေကို လက်မှတ်ရေးထိုးခဲ့ရပါတယ်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂ ရက်ကစပြီး အမေရိကန်စစ်သင်္ဘောတွေနဲ့ လေယာဉ်တွေဟောင်ကောင်သို့အလည်အပတ်လာရောက်ဖို့ တင်ထားတဲ့ စာရွက်စာတမ်းတွေကို ပြန်လည်စဉ်းစားသုံးသပ်ခြင်းကို ရပ်နားလိုက်တော့မှာဖြစ်တဲ့အပြင် နောက်ထပ် တခြားတုံ့ပြန်မှုတွေလည်း လာဦးမယ်လို့ သတိပေးလိုက်တာဖြစ်ပါတယ်။

## ပြည်တွင်းရေးဝင်မစွက်ဖို့ သတိပေး

နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချန်ယင်က အမေရိကန်အနေနဲ့ ၎င်းရဲ့အမှားကို ပြင်ဆင်ဖို့နဲ့ ကျွန်ုပ်တို့ရဲ့ပြည်တွင်းရေးမှာ ဝင်မစွက်ဖို့ ကျွန်ုပ်တို့တိုက်တွန်းတယ် လို့ ပေကျင်းမှာ ရှိနေစဉ် သတင်းထောက်များသို့ ပြောကြားခဲ့ပါတယ်။အကယ်၍ ဟောင်ကောင်ရဲ့ တည်ငြိမ်အေးချမ်းမှု၊ အကျိုးစီးပွားနဲ့ တရုတ်နိုင်ငံရဲ့ အချုပ်အခြာအာဏာအတွက် မဖြစ်မနေလိုအပ်လာမယ်ဆိုရင် နောက်ထပ်လုပ်စရာရှိတဲ့တုံ့ပြန်မှုတွေကို ဆက်လုပ်သွားဦးမှာဖြစ်တယ်လို့ ဆိုပါတယ်။

တရုတ်နိုင်ငံက အရေးယူပိတ်ဆို့မှုပြုလုပ်ဖို့ ပြင်ဆင်နေတဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းတွေထဲမှာ လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့၊ လွတ်လပ်သော အိမ်တော်၊ ဒီမိုကရေစီဆိုင်ရာ အမျိုးသားပံ့ပိုးမှုအဖွဲ့၊ နိုင်ငံတကာရေးရာနဲ့ နိုင်ငံတကာ ရီပတ်ဘလစ်ကန် အင်စတီကျူဆိုင်ရာ အမျိုးသားဒီမိုကရက်တစ်အဖွဲ့ စတဲ့အဖွဲ့အစည်းတွေ ပါဝင်တယ်လို့ သိရပါတယ်။

ဟောင်ကောင်မှာ ကသောင်းကနင်းဖြစ်စေခဲ့တာတွေအတွက် ဒီအဖွဲ့အစည်းတွေမှာ တာဝန်ရှိတယ်၊ အဲဒီအဖွဲ့အစည်းတွေဟာ အရေးယူပိတ်ဆို့မှုကို ခံရမယ့်အပြင် ထိုက်သင့်တဲ့ ငွေကြေးလည်း ပေးရလိမ့်မယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ပါတယ်။ ဘယ်လိုဒဏ်ခတ်မှုပုံစံမျိုးလဲဆိုတာကိုတော့ အသေးစိတ် မဖော်ပြသေးပါဘူး။

## အမေရိကန်အနေနဲ့ ထိခိုက်နိုင်သလား

တရုတ်နဲ့ အမေရိကန်တို့အကြား ဆက်ဆံရေးအခြေအနေ တင်းမာလာတဲ့အချိန်တိုင်းမှာ စစ်သင်္ဘောတွေ ဟောင်ကောင်ကိုလာရောက်မှုကို မကြာခဏဆိုသလို ပိတ်ပင်ရပ်နားမှုတွေ ရှိသော်ငြားလည်း အမေရိကန် ရေတပ်ဖွဲ့သင်္ဘောတွေဟာ နှစ်စဉ်နှစ်တိုင်းဆိုသလို ဟောင်ကောင်ကို မကြာခဏလာရောက်မြဲဖြစ်ပါတယ်။ USS Blue Ridge စစ်သင်္ဘောဟာ ပြီးခဲ့တဲ့ ဧပြီလမှာ ဟောင်ကောင်ကို နောက်ဆုံးလာရောက်ခဲ့တဲ့ အမေရိကန်ရေတပ်ဖွဲ့ စစ်သင်္ဘောတစ်စင်းပါ။



ပြီးခဲ့သည့် ဧပြီလက ဟောင်ကောင်သို့ ခုတ်မောင်းခဲ့သည့် USS Blue Ridge စစ်သင်္ဘော။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖြစ်တဲ့ ဟောင်ကောင်မှာ ဇွန်လကစတင်ပြီး ဆန္ဒပြပွဲတွေ အကြီးအကျယ်ပေါ်ထွက်လာခဲ့ပြီး တရုတ်အစိုးရက ဒီကိစ္စမှာ အမေရိကန်အပါအဝင် ပြည်ပအစိုးရအဖွဲ့တွေဟာ ဒီမိုကရေစီလိုလားတဲ့ လှုပ်ရှားမှုတွေကို အားပေးအားမြှောက်လုပ်နေတယ်လို့ စွပ်စွဲခဲ့ပါတယ်။ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း တရုတ်နိုင်ငံက USS Lake Erie ခရုဇ်ဆာ စစ်သင်္ဘောနဲ့ USS Green Bay သယ်ယူပို့ဆောင်ရေးသင်္ဘောတွေ ဟောင်ကောင်သို့ လာရောက်ဖို့ တောင်းဆိုချက်ကို ငြင်းပယ်ခဲ့ပါတယ်။ ဘာကြောင့် ငြင်းပယ်သလဲဆိုတဲ့ အကြောင်းပြချက်ကို သိရှိခြင်း မရှိပါဘူး။

## ပိတ်ပင်မှုများ

ပြီးခဲ့တဲ့နှစ် စက်တင်ဘာလက ရုရှားနိုင်ငံက တိုက်လေယာဉ်တွေ ဝယ်ယူခဲ့တာနဲ့ပတ်သက်ပြီး အမေရိကန်က ပိတ်ဆို့မှုတွေချမှတ်လိုက်ပြီးနောက်မှာ တရုတ်နိုင်ငံက အမေရိကန် စစ်သင်္ဘောတစ်စင်း ဟောင်ကောင်သို့လာရောက်ခွင့်တောင်းခံမှုကို ငြင်းဆန်ခဲ့ပါသေးတယ်။ ၂၀၁၆ ခုနှစ်မှာတုန်းကလည်း တောင်တရုတ်ပင်လယ်အတွင်းမှာ တရုတ်နိုင်ငံရဲ့ စစ်ရေးအရတည်ရှိမှုနဲ့ ပတ်သက်ပြီး အငြင်းပွားမှုတွေ ပေါ်ပေါက်လာချိန်အတွင်း တရုတ်နိုင်ငံက အမေရိကန်ရဲ့ နျူကလီးယားစွမ်းအားသုံး လေယာဉ်တင်သင်္ဘော USS John C Stennisကို ပိတ်ပင်ခဲ့ပါသေးတယ်။

စင်ကာပူရှိ နန်ယန် နည်းပညာတက္ကသိုလ် လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် မိုက်ကယ် ရက်စကာက စစ်ရေးရှုထောင့်အမြင်ကနေ ကြည့်မယ်ဆိုရင် နောက်ဆုံးပြုလုပ်ခဲ့တဲ့ပိတ်ပင်မှုကြောင့် အမေရိကန်အနေနဲ့ ထူးထူးခြားခြားထိခိုက်ဖွယ် မရှိလှဘူး၊ ဘာကြောင့်လဲဆိုတော့ ဒေသတွင်းမှာ တခြားရေတပ်အခြေစိုက်စခန်းတွေ အများကြီးကို အမေရိကန်ရေတပ်က အသုံးပြု လို့ရနေတာပဲ လို့ ၎င်းက မှတ်ချက်ချခဲ့ပါတယ်။

ဒါပေမယ့် တစ်ခုရှိတာက အမေရိကန်နဲ့ တရုတ်နိုင်ငံအကြား တင်းမာမှုတွေဟာ ယခုကိစ္စကြောင့် ပိုပြီးနက်ရှိုင်းလာဦးမယ့် အရိပ်လက္ခဏာတစ်ခုကိုတော့ မြင်တွေ့နေရတယ်လို့ မစ္စတာ ရက်စကာက အေအက်ဖ်ပီ သတင်းအေဂျင်စီသို့ ဖြေကြားခဲ့ပါတယ်။

ဟောင်ကောင်လူ့အခွင့်အရေးဥပဒေကို သမ္မတထရမ့်က ပြီးခဲ့တဲ့ ရက်သတ္တပတ်မှာ လက်မှတ်ထိုးလိုက်ပြီးနောက် ဆန္ဒပြသူတွေဟာ ဟောင်ကောင်မြို့ရဲ့လမ်းတွေပေါ်မှာ ဝမ်းမြောက်ဝမ်းသာ အောင်ပွဲခံခဲ့ကြပါတယ်။ အတည်ပြုလိုက်တဲ့ ဥပဒေသစ်အရ ဝါရှင်တန်အနေနဲ့ ဟောင်ကောင်မှာ ပေကျင်းရဲ့လုပ်ဆောင်ချက်မှန်သမျှကို စောင့်ကြည့်သွားနိုင်မယ့် အခွင့်အရေး တစ်ခုရရှိသွားတဲ့ အနေအထားမျိုးဖြစ်ပြီး အကယ်၍ တရုတ်နိုင်ငံက ဟောင်ကောင်ရဲ့ လူ့အခွင့်အရေး ရပိုင်ခွင့်တွေနဲ့ ပြည်သူတွေရဲ့လွတ်လပ်ခွင့်ကို ထိခိုက်အောင်ပြုမူလာခဲ့မယ်ဆိုရင် ဟောင်ကောင်အတွက် အမေရိကန်က ခွင့်ပြုထားတဲ့ ကုန်သွယ်ရေးဆိုင်ရာ ဦးစားပေးအခွင့်အရေးကို အမေရိကန်က ရုပ်သိမ်းနိုင်မှာဖြစ်ပါတယ်။

## အထူးအခွင့်အရေး

ဟောင်ကောင်ရဲ့ အထူးအခွင့်အရေးဆိုရာမှာ အမေရိကန်က တရုတ်ပြည်မကြီးအပေါ် ချမှတ်လိုက်တဲ့ ပိတ်ဆို့မှုတွေသို့မဟုတ် အခွန်တိုးမြှင့်ကောက်ခံမှုတွေဟာ ဟောင်ကောင်ကို သက်ရောက်မှု မရှိဘူး၊ ဟောင်ကောင်နဲ့မသက်ဆိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ဥပဒေထဲမှာ အကယ်၍ ဟောင်ကောင် ဒေသခံပြည်သူတွေဟာ ငြိမ်းချမ်းတဲ့ဆန္ဒပြမှုတွေမှာ ပါဝင်ခဲ့မှုကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရမယ်ဆိုရင် အမေရိကန်က အဲဒီလူတွေကို အမေရိကန်သို့ဝင်ရောက်ခွင့် ဗီဇာထုတ်ပေးမှာဖြစ်တယ်လို့ ဆိုထားပါတယ်။

နိုင်ငံရေးကျွမ်းကျင်သူတွေကတော့ အမေရိကန်ရဲ့ လုပ်ဆောင်မှုဟာ တရုတ်နဲ့ အမေရိကန်အကြား ဖြစ်ပွားနေတဲ့ ကုန်သွယ်ရေးစစ်ပွဲ အဆုံးသတ်စေဖို့ ပိုပြီးရှုပ်ထွေးခက်ခဲသွားစေလိမ့်မယ်လို့ ထင်မြင်ချက်ပေးနေကြပါတယ်။ ။

**ကိုးကား – အေပီ**

နိုင်ငံတကာသတင်းတိုထွာ

## အိန္ဒိယနိုင်ငံ၏ ပျက်ကျသွားသည့် လပေါ်သွားယာဉ် အပိုင်းအစများကို နာဆာတွေ့ရှိ

**နယူးဒေလီ ဒီဇင်ဘာ ၄**

အိန္ဒိယနိုင်ငံ၏ ပျက်ကျသွားသည့် လပေါ်သွားယာဉ် ချန်ဒရာယန် – ၂ ၏အပိုင်းအစများကို အမေရိကန် အမျိုးသားလေယာဉ်နှင့် အာကာသစီမံခန့်ခွဲမှုအဖွဲ့ (NASA) ၏ ဂြိုဟ်တုက တွေ့ရှိခဲ့ကြောင်း ဒီဇင်ဘာ ၃ ရက်တွင် ဖော်ပြခဲ့သည်။

လပတ်လမ်းကြောင်းအတိုင်းပတ်နေသည့် နာဆာ၏ ဂြိုဟ်တုသည် လပေါ်သွားယာဉ်၏ အစိတ်အပိုင်းများကို လမျက်နှာပြင်ပေါ်တွင် တွေ့ရှိခဲ့ရကြောင်း နာဆာက ပြောသည်။ အိန္ဒိယနိုင်ငံ၏ ဒုတိယမြောက် လကမ္ဘာခရီးစဉ် ဆင်းသက်ယာဉ် ချန်ဒရာယန် -၂ သည် ပြီးခဲ့သည့် စက်တင်ဘာလ ၇ ရက်က လပေါ်သို့ တဖြည်းဖြည်းဆင်းသက်ရန် ကြိုးပမ်းနေစဉ် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေရိကန်စစ်အခြေစိုက်စခန်းများထားရှိမှုအတွက် ကုန်ကျစရိတ်ကို ဂျပန်ပိုပေးမည်ဟု ထရမ့် မျှော်လင့်

**ဝါရှင်တန် ဒီဇင်ဘာ ၄**

ဂျပန်၌ အမေရိကန်စစ်အခြေစိုက်စခန်းများထားရှိမှုအတွက် အထွေထွေကုန်ကျစရိတ်ကို ဂျပန်က ပိုပေးလိမ့်မည်ဟု ခန့်မှန်းရကြောင်း အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်ကပြောကြားခဲ့သည်။

ဒီဇင်ဘာ ၃ ရက်နေ့က လန်ဒန်၌ နေတိုးအဖွဲ့ အထွေထွေအတွင်းရေးမှူး ယန်းစတိုတန်ဘာ့ဂ်နှင့် တွေ့ဆုံစကားပြောဆိုခဲ့စဉ်အတွင်း သမ္မတထရမ့်က ထိုသို့မှတ်ချက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ချမ်းသာ ကြွယ်ဝသည့် နိုင်ငံဖြစ်သည့်အတွက် အမေရိကန်ကို အကူအညီပေးရန် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးအား အကူအညီတောင်းခဲ့ကြောင်း သမ္မတ ထရမ့်က ပြောသည်။

ယင်းအတွက် မစ္စတာအာဘေးအနေဖြင့် အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပေးမည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

စစ်အခြေစိုက်စခန်းများအတွက် ကုန်ကျစရိတ်နှင့် ပတ်သက်၍ လာမည့်နှစ်တွင် အမေရိကန်နှင့် ဂျပန်တို့ အသစ်တစ်ဖန် ပြန်လည်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တစ်ခါက ကင်းတပ်မြို့ မတ္တရာ

## Madaya: Once A Stockade Town

Thiha, the Traveller @ သီဟလုလင်



(ယခင်အပတ်မှအဆက်)

### ရွှေသစ္စာရစေတီ

သမီးစောနန်းသီရိတည်ထားတဲ့ ရွှေသစ္စာရဘုရားကိုတော့ မန္တလေး - မိုးကုတ် ကားလမ်းဘေး ပန်းယျုကျေးရွာမှာဖူးရမှာပါ။ သူကတော့ သွားရတာ နည်းနည်းလှမ်းသလို ရှိပါတယ်။ ပန်းယျုရွာကို ရောက်ဖူးသွားတာလည်း တစ်မျိုးကောင်းပါတယ်။ မောင်နှမလေးဦးဟာ ရှစ်ဖာလုံစီအကွာအဝေးကိုမှ စတုရန်းကျကျ ထောင့်တွေမှာ တည်ဖို့ဖြစ်ပေမယ့် တကယ်ဘုရားတည်ရမယ့်နေရာက ရွှေတချောင်းဆိုတဲ့ ချောင်းထဲမှာဖြစ်နေခဲ့လို့ အနည်းငယ်ရွှေ့ပြီး တည်ခဲ့တယ်လို့ ဒေသခံတစ်ဦးရဲ့ စကားကို မှတ်သားခဲ့ရပါသေးတယ်။ ချောင်းဘေးမှာမို့ ဘုရားပွဲဆိုရင် လှေပြိုင်ပွဲထည့်သွင်းလေ့ရှိတယ်လို့ သိရပါတယ်။ ဘုရားပွဲကတော့ တော်သလင်းလဆုတ် ၁၅ ရက်နေ့ပါ။

### မြို့ထောင့်ရွှေဂူစေတီ

ဒီမြို့ထောင့်ရွှေဂူဘုရားကတော့ သားအငယ်ဆုံးစောနေကျော်က တည်ထားတာဖြစ်ပြီး မတ္တရာမြို့ထဲမှာတည်ရှိတယ်လို့ ဆိုနိုင်ပါတယ်။ အမှတ် (၃) နယ်မြေမှာပါ။ မြို့ရဲ့ထောင့်မှာတည်ထားတာဖြစ်လို့ မြို့ထောင့်ရွှေဂူလို့ ခေါ်ဆိုကြတာဖြစ်တယ်လို့ သိရပါတယ်။ ဘုရားပွဲကိုတော့ နှစ်စဉ် သီတင်းကျွတ်လဆန်း ၇ ရက်နေ့ကနေ ၁၁ ရက်နေ့အထိပြုလုပ်လေ့ရှိပြီး ပွဲတော်ကာလဆိုပွဲဈေးကရှည်လျားတဲ့အပြင် မြို့ထဲမှာမို့ လူလည်းစည်ကားတတ်ပါတယ်။

### ပန်းယျုရွာ

ရွှေသစ္စာရဘုရားကိုလာဖူးရင်းပန်းယျုရွာလေးကိုလည်းလေ့လာနိုင်ပါတယ်။ ရွှေတချောင်းဆိုတဲ့ မြောင်းအကြီးစားချောင်းကြီးနဲ့ ဗမာ့လူမှုစရိုက်ပုံစံကိုမြင်တွေ့ရမယ့် ပန်းယျုရွာလေးပါ။ သီးပင်စားပင်တွေဖြစ်ထွန်းတဲ့အရပ်လို့လည်း ဆိုစမှတ်ရှိပါတယ်။

### တောင်ပြုန်းရွာ

မတ္တရာအကြောင်းပြောရင် တောင်ပြုန်းရွာကိုလည်းထည့်ပြောရမယ်လို့ထင်ပါတယ်။ တောင်ပြုန်းပွဲတော်နဲ့အတူ ဆုတောင်းပြည့်ဘုရားရှိတာမို့ အနယ်နယ်အရပ်ရပ်ကခရီးသွားတိုင်းမရောက်ဖူးရင်သာနေမယ် ကြားဖူးပြီးသားဖြစ်ပါလိမ့်မယ်။

### စကျင်ရွာ

စကျင်ရွာကတော့ မတ္တရာရောက်ရင် မဖြစ်မနေလည်ပတ်သင့်တဲ့ ရွာအဖြစ် ညွှန်းဆိုချင်ပါတယ်။ စကျင်တောင်ကြီးတွေကိုလည်း မြင်တွေ့ရမယ့်အပြင် ကျယ်ဝန်းတဲ့ စကျင်အင်းကြီးလည်းရှိရာအရပ်ပါ။ တစ်ရွာလုံးဟာ ပန်းတမော့လုပ်ငန်းနဲ့ အသက်မွေးကြသူများလို့ တောင်ပြောနိုင်တဲ့ မြန်မာပြည်ကိုခရီးသွားသူတိုင်းကိုပြသင့်တဲ့ ရွာကြီးတစ်ရွာဖြစ်ပါတယ်။



မြန်မာ့အနုသုခုမအစွမ်းကို တစ်ရွာလုံးကကျွမ်းကျင်နေကြတာထူးခြားပါတယ်။ စကျင်ကျောက်တွေ အရွယ်အစားအကြီးအသေးအစုံကိုထုလုပ်နေကြတဲ့ မြင်ကွင်းဟာ ကျွန်တော်တို့လိုတဒင်္ဂ ခရီးသည်တွေအတွက် သိပ်လှပေမယ့် လုပ်ဆောင်နေသူများအတွက်ကတော့ နှာခေါင်းစည်းမပါဘဲ အလုပ်လုပ်နေကြတာ ရောဂါဖြစ်မလားစိုးရိမ်စရာပါ။ သဘာဝအရင်းအမြစ်တွေကိုထုတ်ယူသုံးစွဲနေရတဲ့ ဝန်းကျင်ဖြစ်တာမို့လည်း တစ်ခုကောင်း၊တစ်ခုမကောင်းဖြစ်ရပါသေးတယ်။ မကြာခဏလည်းဒီဒေသရဲ့ လုပ်ကွက်တွေနဲ့ပတ်သက်လို့ ပြဿနာတွေ ဟိုမှာဒီမှာဖတ်ရကြားရဆဲပါ။

စကျင်ရွာဟာ ဓာတ်ပုံရိုက်ဖို့လည်း ကောင်းသလို ပန်းတမော့ပညာနဲ့ တစ်ရွာလုံးအသက်မွေးတဲ့ရွာလေးအဖြစ် ထူးခြားတာမို့လည်ပတ်လေ့လာ သင့်တဲ့အရပ်လို့ ဆိုချင်ပါတယ်။



ရေနံ့သာမန်ကျည်းပင်တန်း

### ရေနံ့သာမန်ကျည်းပင်တန်း

မန္တလေး - မိုးကုတ်လမ်းပေါ် ရေနံ့သာကန်ပေါင်ဘေးမှာရှိနေတဲ့ မန်ကျည်းပင်တန်းကိုလည်းဓာတ်ပုံရိုက်ဖို့ အလည်လာကြပါတယ်။ ဘာမှတော့ ထူးထူးထွေထွေမရှိပါဘူး။ မန်ကျည်းပင်လေးတွေ ဟိုဘက်ဒီဘက် ကန်ပေါင်ပေါ် စီတန်းစိုက်ပျိုးထားတာကသိပ်လှတဲ့ ပန်းချီကားတစ်ချပ်လိုဖြစ်နေတာမို့ ဓာတ်ပုံရိုက်ဖို့လောက်ပဲအဆင်ပြေပါမယ်။ မတ္တရာကနေ နည်းနည်းလှမ်းပါမယ်။

မတ္တရာဝန်းကျင်မှာလည်လို့ကောင်းမယ်လို့ အရင်က မထင်ထားမိဘူး။ တကယ်တမ်းရောက်သွားချိန်မှာ အချိန်တစ်ရက်ဟာ နည်းတယ်လို့တောင် ခံစားရမိတယ်။ မတ္တရာရဲ့အထင်ကရ ရွှေလေးဆူဘုရား လေးဆူကိုတစ်နေ့တည်းဖူးပြီး ဆုတစ်မျိုးတည်းတောင်းရင် ပြည့်တယ်လို့လည်းဆိုကြတော့ ယုံကြည်သက်ဝင်သူတွေအတွက်လည်း ကြိုတင်အကြံကောင်းပေးလိုက်ရပါတယ်ဗျာ။ လည်ပတ်စရာအစုံနဲ့ မတ္တရာမြို့ကို ရောက်ရင်ဖြင့် ဒီခရီးသွားစာလေးကိုအမှတ်ထားလို့ သတိရကြပါလို့ ဆိုချင်ပါတယ်။

**အားလုံးပဲအစဉ်ဘေးကင်းလုံခြုံကျန်းမာပြည့်စုံပျော်ရွှင်စွာခရီးသွားနိုင်ကြပါစေ။**

# မြန်မာနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် ရိုက်ကူးထားသည့် တိမ်တွေပေါ်ကပန်း ရုပ်ရှင်အထူးပွဲပြသ

ရန်ကုန် ဒီဇင်ဘာ ၄

**မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၌ ရိုက်ကူးထားသည့် “တိမ်တွေပေါ်ကပန်း” ရုပ်ရှင်အထူးပွဲကို ရန်ကုန်မြို့ Junction City ရှိ JCGV အဆင့်မြင့်ရုပ်ရှင်ရုံတွင် ဒီဇင်ဘာ ၃ ရက် ညပိုင်းက ပြသရာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးနှင့်တကွ Korea Association in Myanmar အဖွဲ့နှင့် Big5 ရုပ်ရှင်ထုတ်လုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်အားပေးစကားပြောကြားကာ ကြည့်ရှုအားပေးကြသည်။**



တိမ်တွေပေါ်ကပန်း ရုပ်ရှင်အထူးပွဲသို့ တက်ရောက်ကြသည့် အနုပညာရှင်များ။

**နှစ်နိုင်ငံဆက်ဆံရေး ပေါင်းကူးတံတား**

ရုပ်ရှင်မိတ်ဆက်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီဆန်းဟွာက “ဒီနေ့ပြသတဲ့ တိမ်တွေပေါ်ကပန်း ရုပ်ရှင်ဟာ ကိုရီးယား-မြန်မာ ပူးပေါင်းထုတ်လုပ်အောင်မြင်မှုအဖြစ် သုံးသပ်မိပြီး နှစ်နိုင်ငံ ပြည်သူများအကြား နားလည်မှုကို ပိုမိုတိုးတက်စေပြီး အကျိုးရှိတဲ့ အခန်းကဏ္ဍမှာ ပါဝင်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ နှစ်နိုင်ငံ ပြည်သူအချင်းချင်း ယဉ်ကျေးမှုဖလှယ်မှု မြှင့်တင်လာမှုနဲ့အတူ ရုပ်ရှင်၊ ဒရာမာ၊ KPop ယဉ်ကျေးမှု လှိုင်းဟာလည်း နောင်နှစ်သံတမန် ဆက်ဆံရေး(၄၅)နှစ်ပြည့်မှာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုနီးကပ်လာစေနိုင်တဲ့ ပေါင်းကူးတံတားဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်” ဟု ပြောသည်။

ဤ ရုပ်ရှင် ဇာတ်ကားတွင် ဇာတ်လမ်းဇာတ်ညွှန်း မိုးနီလွင်၊ တေးဂီတ မိရာမိုရ်၊ ဒါရိုက်တာ အကယ်ဒမီ စင်ရော်မောင်မောင်၊ တွဲဖက်ဒါရိုက်တာ မင်းသန့်မောင်မောင်၊ သရုပ်ဆောင် ကျော်ထက်အောင်၊ Ryu Sang Wook ၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ ဝတ်မှုန်ရွှေရည်နှင့် ဧည့်သရုပ်ဆောင်များစွာတို့ ပါဝင်သရုပ်ဆောင်ထားပြီး Big5 နှင့် JBJ Entertainment တို့က ထုတ်လုပ်ထားပြီး ဒီဇင်ဘာ ၁၉ ရက်တွင် တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုံများတွင် ရုံတင်ပြသမည်ဖြစ်သည်။

“ရိုးသားပြီး ဖြူစင်တဲ့ကောင်လေး နေရာကနေ သရုပ်ဆောင်ထားတာပါ၊ နှစ်နိုင်ငံလုံးမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ရိုက်နေတဲ့အချိန်မှာလည်း မြန်မာပရိသတ်တွေက လာအားပေးလို့ တကယ့်ကို ဝမ်းသာပျော်ရွှင်မိပါတယ်” ဟု ကိုရီးယားသရုပ်ဆောင် Ryu Sang Wook က ပြောသည်။

**မြန်မာနိုင်ငံရဲ့အလှအပ ဖော်ကျူး**

“ယဉ်ကျေးမှု၊ စကားလုံး၊ ဘာသာရေး၊ သီချင်းတွေကို အနုပညာဆိုတဲ့ ခံစားမှုနဲ့ ဆက်သွယ်လို့ရအောင် ဒီကားမှာ ကြိုးစားခဲ့တယ်။ ချင်းတောင်ရဲ့အလှ၊ မြန်မာနိုင်ငံရဲ့အလှအပတွေကိုလည်း ဖော်ကျူးနိုင်ခဲ့ပါတယ်။ ကိုရီးယားရဲ့ အလှအပကိုလည်း ရိုက်နိုင်ခဲ့တယ်” ဟု ဒါရိုက်တာ အကယ်ဒမီ စင်ရော်မောင်မောင်က ပြောသည်။

“စရိုက်ခဲ့တာက ကိုရီးယား-မြန်မာ ချစ်ကြည်ရေးကို ဦးတည်ပြီး ရိုက်ခဲ့တာပါ၊ နှစ်နိုင်ငံလုံးက လူကြီးတွေက အသိအမှတ်ပြုခံရတဲ့ ရုပ်ရှင်ဆိုရင် မမှားပါဘူး။ အဓိကပေးချင်တဲ့ ပညာပေးမှုက လူ့ဘဝမှာ အထီးကျန်ဆန် အားငယ်ပြီးတော့ ဘဝကို မကြိုးစားရဲဘဲ တွန့်ဆုတ်နေတဲ့ လူတွေကို ခွန်အားဖြစ်စေတဲ့ ရုပ်ရှင်ဆိုတာ ယုံပါတယ်။ ကျွန်မတို့ Big5 ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီကနေဒါ ပထမဦးဆုံးရိုက်တဲ့ ရုပ်ရှင်ပါ။ ဒီကားကို ဒီဇင်ဘာ ၁၉ရက်နေ့မှာ တစ်နိုင်ငံလုံး ရုံတင်ပြသမှာပါ။ နိုင်ငံတကာမှာ ပြမယ့် ရုပ်ရှင်ဖြစ်တဲ့အတွက် အားပေးပါလို့ ပြောချင်ပါတယ်” ဟု Big5 ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ နန်းမောက်လောဝ်ဆိုင်က ပြောသည်။

**မတူညီတဲ့နှစ်ခုကို ညီမျှခြင်းဆွဲ**

“ဦးမောင်တို့က ကိုရီးယားနဲ့ ဖက်စပ်ရိုက်မယ်။ နှစ်နိုင်ငံလည်း ပါချင်တယ်။ အဲ့ဒီလို ဇာတ်မျိုးရှိလားမေးတော့ ကျွန်တော်အရင်တုန်းက ကုမ္ပဏီတစ်ခုက ကမ်းလှမ်းထားတဲ့ ဇာတ်လမ်းလေးရှိတယ်လို့ ပြောပြလိုက်တော့ ဦးမောင်ကလည်း ကြိုက်တယ်။ Big5 ဘက်ကလည်း ကြိုက်တော့ ကိုရီးယားဘက်က သရုပ်ဆောင်တွေကို ရွေးချယ်ပြီး ရိုက်ဖြစ်သွားပါတယ်။ ကိုရီးယားကိုသွားပြီး ရိုက်ကွင်းနေရာတွေ လိုက်ရှာရတယ်။ ချင်းတောင်မှာလည်း Church ပေါင်း ၂၀ ကျော်ထဲကနေပြီး စိန့်နီကိုလပ်ကို တောင်ကုန်းလေးပေါ်မှာမို့ ရွေးခဲ့ပါတယ်။ ကိုရီးယားမှာက ရုပ်ဝတ္ထုက တိုးတက်တယ်။ ငွေကြေး၊ စက်ပစ္စည်းတွေ တိုးတက်တယ်။ သူတို့မှာ လိုအပ်တာက မေတ္တာတရား၊ ဒီ မတူညီတဲ့ နှစ်ခုကို ညီမျှခြင်းဆွဲပေးလိုက်တဲ့ သဘောပါ” ဟု ဇာတ်ညွှန်း မိုးနီလွင်က ပြောသည်။

**သန့်ဇင်ဝင်း**

# ရေဆင်း၌ စပ်မျိုးစပါး မွေးမြူခြင်းနှင့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများ ပို့ချ

**နေပြည်တော် ဒီဇင်ဘာ ၄**

ဆန်စပါးထုတ်လုပ်မှုမြှင့်တင်ရာတွင် စိုက်ပျိုးသည့် ဧရိယာ(ဧက) တိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း ပိုမိုမြင့်မားလာအောင်ဆောင်ရွက်ခြင်းအစရှိသည့် နည်းလမ်းအမျိုးမျိုးများမှ စပ်မျိုးစပါးမွေးမြူခြင်းနှင့် စိုက်ပျိုးထုတ်လုပ်ခြင်းသည် မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် နည်းပညာတစ်ခုဖြစ်ကြောင်း ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန၌ ယနေ့ကျင်းပသည့် စပ်မျိုးစပါးစိုက်ပျိုးနည်းပညာဆိုင်ရာ ဖွံ့ဖြိုးရေးသင်တန်းဆင်းပွဲ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ပြောကြားသည်။

စပ်မျိုးစပါး နည်းပညာဆိုင်ရာ ဖွံ့ဖြိုးရေးသင်တန်းကို ၄၅ ရက်ကြာ ပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် စာတွေ့၊ လက်တွေ့ စပ်မျိုးစပါးဆိုင်ရာ ပညာရပ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များက သင်ကြားပို့ချပေးခဲ့သည်။ **ဇူလိုင်မိုး**



စပ်မျိုးစပါးစိုက်ပျိုးနည်းပညာဆိုင်ရာ ဖွံ့ဖြိုးရေးသင်တန်းဆင်းပွဲ ကျင်းပစဉ်။

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၄-၁၂-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၂၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၅၅ ကျပ် | ၉၅၅/၉၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၇၀ ကျပ် | ၉၇၀/၉၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၃၀/၈၉၀ ကျပ် | ၉၃၀/၉၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၈၀ ကျပ် | ၁၀၃၅/၁၀၄၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၀၀ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၃ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၉ . ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၅၇ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၈၃ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၃ . ၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၂ . ၂၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၉၃၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၅ . ၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၉ . ၂၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၅၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၄၅၀၀ | ၁၁၅၀၀ | ၇၆၅ | ၈၇၉၇၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၈၁၄၆ | ၃၁၃၃၀၉၅၀ |
| MCB | ၈၃၀၀ | - | - | - |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၅၀ | ၁၁၅၀၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၅၄၀ | ၁၅၁၉၉၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရောဝတီတိုင်းဒေသကြီး၏ နဝမအကြိမ်မြောက် ကလေးစာပေပွဲတော်(မြောင်းမြ)ဖွင့်ပွဲကျင်းပ

**မြောင်းမြ ဒီဇင်ဘာ ၄**

ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ကလေးစာပေပွဲတော်များ၏ နဝမအကြိမ်မြောက် ကလေးစာပေပွဲတော် (မြောင်းမြ)ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို ရောဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးသန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစန်းထွေး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စော၊ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖ ဒေါက်တာ မောင်မောင်အောင်၊ လူရည်ချွန် မဆုလဲ့ဝတီနှင့် မဆုနှင်းထွဋ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**




ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ပညာရတနာခန်းမတွင် ဆက်လက်ကျင်းပရာ မြောင်းမြ အထက(၁) မှ ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော်သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ယင်းနောက် တိုင်းဒေသကြီး ကလေးစာပေပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က ယနေ့ကျင်းပသည့် ကလေးစာပေပွဲတော်သည် နဝမအကြိမ်မြောက်ဖြစ်ကြောင်း၊ ပွဲတော်ပြီးသွားသည်နှင့် ပြီးပြီးပျောက်ပျောက်ဖြစ်မသွားရန် အရေးကြီးကြောင်း၊ စဉ်ဆက်မပြတ် တိုးတက်မှုရလဒ်များရရှိစေရန် ကလေးများနှင့် လူကြီးမိဘများကလည်း အစီအမံကောင်းများ ချမှတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဤပွဲတော်ကစ၍ လေ့လာမှတ်သားစရာများကို လေ့လာမှတ်သားကြပြီး နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်များကို ရှေ့လူထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် သားကောင်း သမီးမွန်များဖြစ်ရန် ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ် ကလေးစာပေပွဲတော်ကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးလှမျိုးအောင်က ကလေးစာပေပွဲတော်များ ကျင်းပရခြင်းနှင့် တိုင်းဒေသကြီးအတွင်း ကလေးစာပေပွဲတော်များ ကျင်းပ မှုအခြေအနေများအား ရှင်းလင်းဆွေးနွေးပြီး မြို့မိမြို့ဖ ဦးဇာနည်တင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ဖွင့်ပွဲတွင် ဂုဏ်ပြုဖျော်ဖြေပေးကြသော ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေ ကျပ်နှစ်သိန်း ချီးမြှင့်ပြီး စေတနာရှင်၊ အလှူရှင်များကလည်း ယိမ်းအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသူများက ပြပွဲပြခန်းများ၊ စာအုပ်ဆိုင်တန်းများနှင့် ပွဲတော်တွင်ပါဝင်ယှဉ်ပြိုင်နေသည့် ကျောင်းသား ကျောင်းသူလေးများကို အားပေးကြည့်ရှုပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ကလေးစာပေပွဲတော်တွင် ထူးချွန်ထင်ရှား ရောဝတီတိုင်းသားများ ပြခန်း၊ ထူးချွန်ထင်ရှား မြောင်းမြသားများ ပြခန်း၊ စိုက်ပျိုးရေးဌာနပြခန်း၊ ပညာရေးဌာန ပြခန်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ပြခန်း စုစုပေါင်း ကိုးခန်း၊ စာအုပ်အရောင်းဆိုင် ၃၀ ခန့်နှင့် မျက်လှည့်၊ ရုပ်သေး၊ ဆင်အကများကိုလည်း ထည့်သွင်းပြသထားသည်။ ပြခန်းနှင့် စာအုပ်အရောင်းဆိုင်များအား နေ့စဉ် ည ၉ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်လေးခုကို ခရီးသည်တင်ယာဉ်လိုင်းသစ် ချိတ်ဆက်ပြေးဆွဲမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တက္ကသိုလ်လေးခုကို ချိတ်ဆက်ပြေးဆွဲမည့် ခရီးသည်တင်ယာဉ်လိုင်းသစ်တစ်လိုင်း မကြာမီ ပြေးဆွဲနိုင်ရန် Omni Focus General Services Public Co., Ltd မှ စီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

အဆိုပါကုမ္ပဏီက စီးပွားရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၂)နှင့် နည်းပညာတက္ကသိုလ် (လှိုင်သာယာ)တို့တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများနှင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် တက္ကသိုလ်လေးခုအား ချိတ်ဆက်၍ ခရီးစဉ်လမ်းကြောင်းသစ်ကို ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ချိတ်ဆက်ပြေးဆွဲရန်အတွက် အသွားခရီးစဉ်လမ်းကြောင်းကို နည်းပညာတက္ကသိုလ် (လှိုင်သာယာ) ဂိတ်ရင်းအဖြစ် သတ်မှတ်၍ ရန်ကုန်-ပုသိမ်လမ်း၊ အနော်ရထာလမ်း၊ ရွှေပြည်သာတံတား၊ ရွှေပြည်သာတံတားလမ်း၊ တညင်းကုန်းလမ်းဆုံ၊ ခရေပင်လမ်း၊ အမှတ် (၃) လမ်းဆုံ၊ အောင်မင်္ဂလာအဝေးပြေး၊ ၆ ကွေ့၊ သုဓမ္မာလမ်း၊ ခေမာသီလမ်း၊ ဆေးတက္ကသိုလ်(၂)၊ မြောက်ဥက္ကလာအဝိုင်း၊ စက်မှုလမ်း၊ ဗိုလ်မှူးဗထူးလမ်း၊ ကျန်စစ်သားလမ်း၊ မင်းရဲကျော်စွာလမ်း၊ တော်ဝင်လမ်း၊ ဒဂုံတက္ကသိုလ်၊ ကျန်စစ်သားလမ်း၊ အမှတ် (၂) လမ်းမကြီး၊ စီးပွားရေးတက္ကသိုလ် (ရွာသာကြီး) ဂိတ်ဖျားသတ်မှတ် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။



လှိုင်သာယာ- သာကေတ ပြေးဆွဲလျက်ရှိသော YBS -82 ။

အပြန်ခရီးစဉ်အနေဖြင့် စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)ဂိတ်ဖျား၊ အမှတ် (၂) လမ်းမကြီး၊ ကျန်စစ်သားလမ်း၊ မင်းရဲကျော်စွာလမ်း၊ တော်ဝင်လမ်း၊ ဒဂုံတက္ကသိုလ်၊ ဗိုလ်မှူးဗထူးလမ်းမှ လာလမ်းအတိုင်း နည်းပညာတက္ကသိုလ် (လှိုင်သာယာ)ဂိတ်ရင်းသို့ ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ပြေးဆွဲရာတွင် စီးတီးဘတ်စ် Foton ယာဉ် ၂၇ စီးဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ ခရီးစဉ် ပြေးဆွဲနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြကာ ခွင့်ပြုချက်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ခရီးစဉ်အတွက် သတ်မှတ်ထားသော ယာဉ်စီးခနှင့် စတင်ပြေးဆွဲမည့် ရက်အတိအကျကို မကြာမီ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်သွားလာမှု လျင်မြန်ချောမွေ့စေရေးအတွက် ကုမ္ပဏီအနေဖြင့် အဓိကထား လုပ်ဆောင်နေမှုနှင့် ပတ်သက်၍ YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က "ကုမ္ပဏီပိုင်းအနေနဲ့ သွားလာမှုပိုမိုကောင်းမွန်အောင် ဖြည့်စွက်ပြီးတော့ ပြေးဆွဲတဲ့ လမ်းကြောင်းတွေကို သူပဲ အဓိကထားပြီး ပြေးပေးနေတာဖြစ်ပါတယ်။ ဒီတက္ကသိုလ်လေးခု ချိတ်ဆက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကလည်း ကျွန်တော်တို့အနေနဲ့ ကောင်းပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဘက်ကလည်း သူတို့ကို ပြေးဆွဲနိုင်မှုအတွက်ကိုတော့ မြန်မြန်လေးဖြစ်ဖို့ မျှော်လင့်ပြီးပြောဆိုနေပါတယ်" ဟု ပြောကြားသည်။

လက်ရှိအချိန်တွင် အဆိုပါကုမ္ပဏီအနေဖြင့် မြို့တွင်း ယာဉ်လိုင်းအဖြစ် ပြေးဆွဲလျက်ရှိသော YBS -56၊ လှိုင်သာယာနှင့် သာကေတသို့ ပြေးဆွဲလျက်ရှိသော YBS -82 တို့ အပြင် ၂၄ နာရီ ဝန်ဆောင်မှုပေးလျက်ရှိသော YBS – 20, 83, 99, 98, Airport shuttle Bus များကို ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ – လင်းညွန့်**






# မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရေဦးမြို့နေ ဦးဝင်းမြင့်ထွန်း(အမျိုးသားဆန်စက်)-ဒေါ်စန်းစန်းမြင့်(စန်းစန်းမြင့်စတိုး)တို့၏သား

**ဒေါက်တာကျော်သီဟ**

**M.B,.B.S(MDY),MPH(London)**

**Coordinator (Golden Zenekka Public Company Limited)**

နှင့်

ဦးသန်းထွန်း(ညွှန်ကြားရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ နေပြည်တော်-ရုံးချုပ်)-
ဒေါ်ဝင်းခင်(ဦးစီးအရာရှိ-ငြိမ်း၊ စိုက်ပျိုးရေးဌာန)တို့၏သမီး

**ဒေါက်တာယဉ်မင်းမင်းထွန်း**

**M.B,.B.S(MDY),MPH(Yangon)**

**ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာန**

တို့၏

၁၈-၁၁-၂၀၁၉ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးခြင်းအား ကူညီဆောင်ရွက်ပေးခဲ့သော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင့်တင့်မော်၊ အသိသက်သေများအဖြစ်ဆောင်ရွက်ပေးခဲ့ကြသော ဒေါ်စန်းမာလာညွန့်၊ ကိုဖြိုးသူ၊ ဒေါက်တာအေးအိအိအောင်၊ ကိုအောင်မင်းမော်နှင့်ကိုသက်နိုင်ဝင်း၊

၂၁-၁၁-၂၀၁၉ရက်တွင် နေပြည်တော်၊ မင်္ဂလာဗျူဟာခန်းမ၌ မင်္ဂလာညှော်ခံပွဲကျင်းပွဲပြုလုပ်ရာတွင် မင်္ဂလာစံပယ်ပန်းကုံးချီးမြှင့်ပေးပါသော လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် ဇနီးဒေါ်ဝင်းစံဖြူ၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွှမ်းမိုးနှင့်ဇနီး ဒေါ်စိုးစိုးရီ၊ မင်္ဂလာအခမ်းအနားမှူးရွှေညီညီ၊ မင်္ဂလာပန်းကြဲဒေါက်တာအေးအိအိအောင်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဒေါက်တာအေးသ ဇင်ခိုင်၊ မင်္ဂလာလက်စွပ်ကလပ်ကိုင် ဒေါက်တာဟန်နီဝင်း၊ မိတ်ကပ်အိန္ဒြာ၊ ပန်းအလှဆင်ကိုဇင်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဒီဇိုင်နာငုဝါသင်း(ရန်ကုန်)၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ထက်အဖွဲ့သားများ၊

၂၄-၁၁-၂၀၁၉ရက်တွင် ရန်ကုန်မြို့၊ WyndhamGrand Yangon Hotel တွင်ကျင်းပသော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာစံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်၊ဗဟိုစီးပွားဦးရေးကော်မတီဝင်၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းလှ၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့်ဇနီး ဒေါ်ဝင်းစံဖြူ၊ မင်္ဂလာအခမ်းအနားမှူး ဦးဘိုမြင့်သန်း၊ မင်္ဂလာအခါတော်ပေးဒေါ်ခင်စိုးဝင်း၊ မင်္ဂလာပန်းကြဲဒေါက်တာခိုင်စုဝေ၊ မင်္ဂလာပန်းကုံးဗန်းကိုင် မဆုလှဲ့ဝေ၊ မင်္ဂလာလက်စွပ်ကလပ်ကိုင် မအေးချမ်းခင်၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးကြသောဒေါက်တာထက်မင်းလွင်နှင့် ဒေါက်တာကျော်သန်းရွှေ၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးကြသော ဒေါက်တာမြတ်ဆုမွန်နှင့်မခိုင်မာစိုး၊ မိတ်ကပ်မေဦးမောင်(တော်ဝင်သူ)နှင့်အဖွဲ့၊ ပန်းအလှဆင်၊မင်္ဂလာဝတ်စုံ၊ လက်ဝတ်ရတနာ၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးခြင်းနှင့် ရန်ကုန်မင်္ဂလာပွဲကို အစမှအဆုံးထိ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ဆောင်ရွက်ပေးပါသော "My Dream One Stop Wedding Service"မှဦးသန်းနိုင်နှင့်အဖွဲ့သားများ၊ အစားအသောက်နှင့်နေရာထိုင်ခင်း များအဆင်ပြေချောမွေ့စေရန်ပြည့်စုံစွာဆောင်ရွက်ပေးပါသော "Wyndham Grand Yangon Hotel မှဝန်ထမ်းများ၊

၁-၁၂-၂၀၁၉ရက် ရေဦးမြို့ အောင်သရဖူအဆင့်မြင့် မင်္ဂလာခန်းမတွင်ကျင်းပသော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာစံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးကျော်မြင့်မောင်-ဒေါ်အေးအေးကြွယ်၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဒေါက်တာကျော်သင်း-ဒေါ်ငွေငွေ၊ မင်္ဂလာအခမ်းအနားမှူးဦးလင်းနိုင်၊ မင်္ဂလာပန်းကြဲမရွှန်းလဲ့လဲ့ဦးနှင့်မယုမွန်အိ၊ မင်္ဂလာပန်းကုံးဗန်းကိုင်မဟန်သီထွန်းမင်္ဂလာလက်စွပ်ကလပ်ကိုင် ဒေါက်တာအေးသီရိငွေ၊ သတို့သားအရံအဖြစ်ဆောင်ရွက်ပေးပါသော ဒေါက်တာလမင်းစိုး၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော မဧကရီအောင်ဝင်း၊ မိတ်ကပ်မနိုင်၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ဇင်ယော်ကိုကျော်ဟိန်းနှင့်အဖွဲ့သားများ။

ကျွန်တော်၊ ကျွန်မတို့၏မင်္ဂလာညှော်ခံပွဲသို့ ခင်မင်ရင်းနှီးစွာဖြင့် တက်ရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိညှော့သည်တော်များ၊ ရပ်နီးရပ်ဝေးမှတကူးတကကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းအပေါင်းအသင်းများနှင့် လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ မင်္ဂလာညှော့ခံပွဲများတွင် လိုအပ်သည်များကို အဆင်ပြေအောင်ကူညီပံ့ပိုးကြပါသော လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှဝန်ထမ်းများ၊ ငယ်သူငယ်ချင်းများ၊ မိတ်ဆွေများနှင့်ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာဦးကျေးဇူးတင်ရှိပါကြောင်း အသိအမှတ်ပြုအပ်ပါသည်။

မင်္ဂလာညှော့ခံပွဲတစ်လျှောက် ဖိတ်ကြားခြင်း၊ ညှော့ခံခြင်း၊ စီစဉ်ခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်ချက်၊ အဆင်မပြေမှု၊ လစ်ဟာမှုများရှိခဲ့ပါက ချစ်သောစိတ်ဖြင့် နားလည်ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည် ခင်ဗျား/ရှင့်

မိတ်ဆွေများ၊ သူငယ်ချင်းများ၊ ဆွေမျိုးအားလုံးစိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိပါစေကြောင်းဆုတောင်းမေတ္တာပို့သလျက်-

**နှစ်ဖက်မိဘများနှင့်ဒေါက်တာကျော်သီဟ-ဒေါက်တာယဉ်မင်းမင်းထွန်း**

# အရှေ့ဒဂုံစက်မှုဇုန်တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအလိုရှိသည်

Site Assistant စာရင်းကိုင် မ(၂)ဦး

- တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိရမည်။
- ကွန်ပျူတာ ကျွမ်းကျင်ရမည်။
- စာရင်းများကို လစဉ်ချုပ်နိုင်ရမည်။
- Stoke Control လုပ်နိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
- အသက်(၃၀)နှစ်ထက်မကြီးရ။
- Any Graduate LCCI Level (III) နှင့် တခြားဘွဲ့ရပြီး

လုပ်ငန်းအတွေ့အကြုံရှိပါက ဦးစားပေးမည်။

အရှေ့ဒဂုံ၊ တောင်ဒဂုံ၊ မြောက်ဒဂုံ၊ ဒဂုံဆိပ်ကမ်း၊ သင်္ဃန်းကျွန်း၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူများ ဦးစားပေးမည်။

အသေးစိတ်သိရှိလိုပါက....

ဖုန်း-၀၉-၄၅၄၁၁၅၅၈၇၊ ၀၉-၇၈၄၄၀၀၃၆၈၊ ၀၉-၆၆၆၆၅၃၀၅၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။







# ကြော်ငြာစာ

## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)

## မိတ္ထီလာခရိုင်တရားရုံးတော်၌

## ၂၀၁၉ခုနှစ် တရားမအထွေထွေမှု အမှတ်-၁၅

ဦးပညာနန္ဒ လျှောက်ထားသူ

ကွယ်လွန်သူ ဦးဇောတိက၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့် ရွှေပေါ်ကျွန်းသာသနာပြုစခန်း၊ ရွှေပေါ်ကျွန်းကျေးရွာ၊ မလှိုင်မြို့၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဇောတိက၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဦးပညာနန္ဒက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၃၀ရက် (၁၃၈၁ခုနှစ် ပြည်သိုလဆန်း ၅ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဦးဇောတိက၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၃၀ရက်(၁၃၈၁ခုနှစ် ပြာသိုလဆန်း ၅ရက်) နံနက် ၁၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့် အညီဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးပညာနန္ဒ၏ လျှောက်လွှာအပေါ်၌ စစ် ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၉ခုနှစ် ဒီဇင်ဘာ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ (ယုယုဆွေ)

**ဒုတိယခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

# ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာ၊ ဦးပိုင်အမှတ်-၂၇၊ ကွင်းအမှတ်-၂၃၆၊ အိုးလုပ်ပြင်၊ ဦးမြင့်ဦးဂရန်အမည်ပေါက်ပိုင်ဆိုင်သော (ရှေ့မျက်နှာ ၁၀၉၄xအနောက်အလျား ၂၂၆) ပေရှိမြေဧရိယာ ၁ဒသမ၀၀၈ဧကနှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမြင့်ဦး** | **ဒေါ်မီဇင်လွင်(LL.B)** |
| **၆/မအရ(နိုင်)၀၀၉၈၅၁** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၁၆၈၃/၁၆)** |
| | **အမှတ်-၉(က)၊ရွှေပဒုမ္မာလမ်း၊** |
| | **မြို့သစ်(၇)ရပ်ကွက်၊** |
| | **မြိတ်မြို့** |
| | **ဖုန်း-၀၉-၄၂၂၁၃၁၃၃** |

# ဗန်းမော်တက္ကသိုလ် (အဝေးသင် သင်တန်း) (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဗန်းမော်တက္ကသိုလ် (အဝေးသင် သင်တန်း)၏ ၂၀၁၈ ပညာသင်နှစ်အတွက် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင်ကျင်းပခဲ့သော ဥပဒေပညာဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့သင်တန်းစာမေးပွဲအောင်မြင်၍ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိသူများအတွက် ဘွဲ့နှင်းသဘင်ကို ဗန်းမော်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၁။ (၂၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ၂၁-၁၂-၂၀၁၉ရက် (စနေနေ့)

နံနက်ပိုင်း-နံနက် ၉:၀၀နာရီ

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ |
| | - | ပထဝီဝင်(၄ပ -၁မှ ၄ပ-၆၅)အထိ |
| | - | စီးပွားရေးပညာ |
| | - | စိတ်ပညာ |
| သိပ္ပံဘွဲ့ | - | ဓာတုဗေဒ |

ညနေပိုင်း-မွန်းလွဲ ၂:၀၀နာရီ

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ(၄အ-၁မှ ၄အ-၆၇)အထိ |
| | - | ပထဝီဝင်(၄ပ-၆၆မှ ၄ပ-၁၃၀)အထိ |
| | - | ဒဿနိကဗေဒ |
| | - | စီးပွားစီမံ |
| သိပ္ပံဘွဲ့ | - | သင်္ချာ |

အစမ်းလေ့ကျင့်ရန် ၂၀-၁၂-၂၀၁၉ရက် (သောကြာနေ့) နံနက်ပိုင်း
နံနက် ၉:၀၀နာရီ

၂။ (၂၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ၂၂-၁၂-၂၀၁၉ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း- နံနက် ၉:၀၀နာရီ

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ(၄အ-၆၈မှ ၄အ-၁၃၈)အထိ |
| | - | ပထဝီဝင် (၄ပ-၁၃၁မှ ၄ပ-၁၉၄)အထိ |
| ဥပဒေပညာဘွဲ့ | - | ဥပဒေပညာ |
| သိပ္ပံဘွဲ့ | - | ရူပဗေဒ |

ညနေပိုင်း-မွန်းလွဲ ၂:၀၀နာရီ

| | | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | - | ပထဝီဝင်(၄ပ-၁၉၅မှ ၄ပ-၂၆၃)အထိ |
| | - | သမိုင်း |
| သိပ္ပံဘွဲ့ | - | သတ္တဗေဒ |
| | - | ရုက္ခဗေဒ |

အစမ်းလေ့ကျင့်ရန် ၂၀-၁၂-၂၀၁၉ရက် (သောကြာနေ့)
ညနေပိုင်း- မွန်းလွဲ ၂:၀၀နာရီ

အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရမည်။

**(ခင်သိပ္ပံ)**

**မော်ကွန်းထိန်း၊ သင်တန်းရေးရာဌာန**
**ဗန်းမော်တက္ကသိုလ်**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅-CG)၊ မြေကွက်အမှတ်(၅၄၀)ဖြစ်သည့်အမှတ်-၁၃၊ မြလမ်း၊ ကျိုက္ကဆံရပ်ကွက်ဟု ခေါ်တွင်သော စတုရန်းပေ(၈၀၀)ပေ(အလျား၂၀ပေxအနံ၄၀ပေ)နှစ်(၆၀) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ခြောက်ထပ်အဆောက်အအုံ၏(၄လွှာ)(တတိယထပ်)အား ဒေါ်စန္ဒာဝင်း ၁၂/ဗဟန(နိုင်)၀၆၆၄၇၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်သီတာလွင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၀၆)**
**အမှတ်-၉၊ ဆရာမကြီးလမ်း၊ ဆရာစံ(တောင်)**
**စံပြရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၅၀၁၈၆၈၄**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ်(၃၂)မြေအကျယ် (အလျား ၂၀ x အနံ ၆၀)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိထားနေထိုင်ပိုင်သူ ဦးသိန်းစိုး (PHI/E103262)ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ် အမှုသည် ဖြစ်သူ ဒေါ်မေဇွန်မောင်လွင် ၁၄/ကလန(နိုင်) ၁၀၅၆၃စကစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံတရားဝင်လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်သန်းဆွေ(LL.B)** | **ဒေါ်တင်မမ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၈၅/၁၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၀၉/၁၇)** |

**MYO WIN & ASSOCIATES LAW FIRM**
**အမှတ်(၁၂၈/၁၃၀)၊ ၂(အေ)၊ ၃၅လမ်းအလယ်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၃၈၀၂၀၄၊ ၀၉-၆၉၆၆၀၄၅၀၇၊ ၀၉-၅၁၅၀၀၅၂**
**www.myowinlawfirm.com,inquiry@myowinlawfirm.com,myowinlawfirm@gmail.com**

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်တန်းမြို့၊ စံချိန်မီရပ်ကွက် စိမ့်စမ်းလမ်းအမှတ်(၉၈)နေ ဦးစိန်မြ -ဒေါ်ခင်ငြိမ်းတို့၏သား မောင်အောင်သူရ ၁၂/ကတန(နိုင်)၀၀၀၀၇၀သည် မိဘတို့၏ဆို ဆုံးမမှုကို နာခံမှုမရှိဘဲ မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ငြိမ်း**
**၁၂/ကတန(နိုင်)၀၀၂၄၁၀**

# တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုတက္ကသိုလ်၊ ရူပဗေဒ စတုတ္ထနှစ်မှ မခင်သန္တာကျော်၏ ဖခင် ဦးဘိုဝင်းနှင့် ဦးဗိုလ်ဝင်း ၅/ခဥန(နိုင်)၀၁၅၀၇၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဘိုဝင်း(ခ)ဦးဗိုလ်ဝင်း**

# မိခင်အမည်မှန်

ဦးထွန်းဝင်း၏သမီး သံဖြူဇရပ်မြို့နယ် အလက အောက်ငှက်ပျောတောသတ္တမတန်းမှ မခင်သဇင်နှင်း၏ မိခင် ဒေါ်မြင့်မြင့်ဝေ၏ အမည်မှန်မှာ ဒေါ်နှစ်နှစ် ၁၀/သဖရ(နိုင်)၁၆၆၂၈၀ ဖြစ်ပါကြောင်း။ **ဒေါ်နှစ်နှစ်**

# ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ နတ်ခရိုင်ကျေးရွာ၊ အလက ဆဋ္ဌမတန်းမှ မရွှေဇင်ဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးချစ်မျိုးဝင်း ၉/ကဆန(နိုင်)၂၁၄၇၅၄ ဖြစ်ပါကြောင်း။

**ဦးချစ်မျိုးဝင်း**

# ပျောက်ဆုံးကြောင်း

ကျွန်မခင်ခင်သန်း ၁၁/ရသတ(နိုင်)၁၁၀၉၄၈၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၀၉၆၂၄၉**

# ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/5310 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပဲခူး)**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၄၄၆၄၈ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးနဲ ၁၀/ကမရ (နိုင်) ၀၆၈၁၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

